# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်တို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၈ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ်(၁၀၅)


# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဒီဇင်ဘာလကုန်အထိ) ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရှိခဲ့

# ဒုတိယသမ္မတဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၃) ကြိမ်မြောက် တွေ့ဆုံပွဲ၌ အမှာစကားပြောကြား




ဒုတိယသမ္မတဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၂၃) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့ စီးပွားရေးလုပ်ငန်းရှင်များ (၂၃) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးမောင်မောင်စိုး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐


**ရေဒီယိုခေတ် ရွှေဖြစ်ခဲ့သော သီချင်းများ ဖျော်ဖြေပွဲ ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပမည်** စာမျက်နှာ-၄

**ကောင်းစွာပြင်ဆင် အောင်ပွဲဝင်** ဆောင်းပါး စာမျက်နှာ-၆

**ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့နှင့် စစ်အသုံးအဆောင်များ စတင်ရုပ်သိမ်း** စာမျက်နှာ-၁၄




# ရေရှည်မြော်မြင်ကာ ခွဲခြားသိမြင်သည့် ပညာ

လူ့ဘဝရောက်လာသည့်အခါ မွေးဖွားလာခဲ့ရသည့် မိဘမျိုးရိုး၊ ပတ်ဝန်းကျင်အခြေအနေနှင့် သူ၏ကံအရ ကျား-မ၊ လူဖြူ လူမည်း လူဝါ၊ ဆင်းရဲ ချမ်းသာ၊ ရုပ်ဆိုး ရုပ်ချော၊ ဉာဏ်ရည်နိမ့်မြင့် ကွဲပြား ကွာခြား မွေးဖွားကြီးပြင်းခဲ့ရသည်။ ထိုအထဲတွင် ကိုးကွယ်ယုံကြည်မှုဆိုသည်လည်း တစ်စိတ်တစ်ပိုင်းပါ၏။ မိဘမျိုးရိုးအစဉ်အလာယုံကြည်မှုကို စွဲ၍ ကိုးကွယ်ယုံကြည်ကြသည်ကိုပါ ထည့်သွင်းစဉ်းစားလျှင် ကိုးကွယ်ယုံကြည်မှုဆိုသည်ကလည်း မွေးဖွားလာသည့် အခြေခံပေါ်မှာ များစွာမူတည်နေပါသည်။

သို့သော်လည်း မည်သို့ပင် အသားအရောင်၊ လူမျိုးနှင့် ကိုးကွယ်ယုံကြည်ရာတို့ ကွဲပြားသည်ဖြစ်စေကာမူ အခြေခံအားဖြင့် ကောင်းမှု မကောင်းမှုဆိုသည်ကို စံထားသတ်မှတ်ကာ ကောင်းတာကို လုပ်၍ မကောင်းတာကို မလုပ်ဖို့ဟူသည်မှာ အစဉ်အလာအဆုံးအမဟု ဆိုရပါမည်။

ယေဘုယျအားဖြင့် ကောင်းတာလုပ်လျှင် ကောင်းသည့်အကျိုးဖြစ်၍ မကောင်းတာလုပ်လျှင် မကောင်းသည့်အကျိုးသာ ဖြစ်လိမ့်မည်ဟု အားလုံးယုံကြည်ကြသည်။

ထို့ကြောင့် အတတ်နိုင်ဆုံး ကောင်းတာကိုသာ လုပ်ကြမည်၊ မကောင်းတာကို ရှောင်ကြဉ်ကြမည်ဆိုသည်ကလည်း လူသားတို့အတွက် ယေဘုယျအကျဆုံးနှင့် လိုက်နာရမည့် အဆုံးအမသာ ဖြစ်ချေ၏။

ယင်းသည့်အတွက် လူသားမျိုးနွယ်စုအားလုံးအတွက် အခြေခံနီတိမှာ ကောင်းတာကို လုပ်ကြရန်၊ မကောင်းတာကို ရှောင်ကြဉ်ကြရန်ဟူသည့် အစဉ်အလာ အဆုံးအမဖြစ်၏။

ဤနေရာတွင် လူ့လောကအတွက် အရေးကြီးသည့် အဆုံးအဖြတ်မှာ ပညာဉာဏ်ဖြစ်ပါသည်။ ပညာဟူသည်မှာ မည်သည်က ကောင်း၍ မည်သည်က မကောင်း ဟူသည်ကို ခွဲခြားဆန်းစစ် ဆုံးဖြတ်နိုင်ခြင်းကို ဆိုလိုပါသည်။

မိမိကိုယ်တိုင်အတွက်ရော လောကလူ့ရွာအတွက်ရော မည်သို့သော လုပ်ဆောင်မှုများက ကောင်းသည်ဖြစ်၍ မည်သည်တို့က မကောင်း ဟူသည်ကို ခွဲခြားနားလည်နိုင်ခြင်း၊ သုံးသပ်ဆုံးဖြတ်နိုင်ခြင်းတို့က ပညာဉာဏ် ရင့်သန်မှုပေါ်တွင် မူတည်နေသည်။ ပညာရှိသူက မိမိအတွက်၊ အခြားသူများအတွက်၊ လောကလူ့ဘောင်အတွက် ချိန်ဆုံသုံးသပ်ကာ ခွဲခြားနိုင်စွမ်းရှိ၏။ ယင်းသည် ဆင်းရဲချမ်းသာ၊ အသားအရောင်ကွဲပြားမှု၊ လူမျိုးဘာသာတို့နှင့်မဆိုင်။ မိမိ၏ တွေးခေါ်မြော်မြင်နိုင်မှုနှင့်သာ တိုက်ရိုက် ပတ်သက်နေ၏။

လူတစ်ဦး၏ ရင့်ကျက်မှု၊ တွေးတောကြံဆနိုင်မှု၊ အမြော်အမြင်ကြီးမှု၊ လောကအမြင် မြင့်မားကျယ်ပြန့်မှုတို့ပေါ်မှာတည်၍ ပညာဉာဏ် အတိမ်အနက် အနိမ့်အမြင့်တို့ ဖြစ်ရ၏။ ပညာဉာဏ်၏ လေးနက်မှုပေါ်တည်ကာ မည်သည်ကကောင်းသည် ဆိုးသည် ဆိုတာကို ခွဲခြားနိုင်စွမ်းရှိကာ ထိုခွဲခြားနိုင်မှုအတိုင်း ကောင်းတာလုပ် ဆိုးတာရှောင် ဟူ၍ဖြစ်ရ၏။

ထို့ကြောင့်ပင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစရှိသည်ဖြင့် နေရာတကာတွင် ပညာ၏ အရေးပါမှုက ရှိနေပါသည်။ ယနေ့ကာလကဲ့သို့သော တိုင်းပြည်နိုင်ငံနှင့်တကွ နိုင်ငံသူ နိုင်ငံသားများအားလုံး စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရချိန်၊ ထာဝရငြိမ်းချမ်းရေးအတွက် အားသွန်ကြိုးပမ်း ရုန်းကန်နေကြရသည့်အချိန်တွင် တကယ့်အမှန်တရားက ဘာ၊ တကယ်တမ်း အားလုံးအတွက် ကောင်းမွန်မှုက ဘာ၊ မိမိနှင့်တကွ လောကအလုံး သာယာငြိမ်းချမ်းနိုင်သည်က ဘာဆိုသည်ကို ရေရှည်မြော်မြင်ကာ ခွဲခြားသိမြင်နိုင်ကြဖို့က အရေးကြီးဆုံးဖြစ်သည်ဟု ယုံကြည်မိပါကြောင်း လေးစားစွာ တင်ပြအပ်ပါသတည်း။ ။

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မော်လမြိုင်ကျွန်းတွင် ပြည်လုံးချမ်းသာ နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းအပူဇော်ခံလှည့်လည်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၂**



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပြည်လုံးချမ်းသာဘုရား၏ (၁၁၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းလှည့်လည်အပူဇော်ခံပွဲကို ဇန်နဝါရီ ၁၂ ရက် (ပြာသိုလဆန်း ၇ ရက်) ညနေ ၄ နာရီခွဲက ပြည်လုံးချမ်းသာဘုရားတန်ဆောင်းတော်ရှေ့တွင် စုရပ်ထားရှိပြီး မြို့တွင်း စတင်လှည့်လည်အပူဇော်ခံကြသည်။

ယင်းပြည်လုံးချမ်းသာ ဆုတောင်းပြည့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းအပူဇော်ခံ လှည့်လည်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာပေါင်းစုံ၊ သာဘာရေးအသင်းအဖွဲ့ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ ရပ်ကွက်ပေါင်းစုံ၊ ဝတ်ရွတ်အဖွဲ့များက မြို့ပေါ်ရပ်ကွက်ပေါင်းစုံတို့ တစ်လမ်းဝင် တစ်လမ်းထွက် လှည့်လည်ပူဇော်ကြရာ မြို့မရပ်ကွက်ပေါင်းစုံမှ ပြည်သူများက အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်းလောင်းလှူပူဇော်ကြသည်။

အဆိုပါ ပြည်လုံးချမ်းသာ ဆုတောင်းပြည့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များအား မော်တော်ကားများ၊ ဒိန်းဒေါင်းယာဉ်များနှင့် တုပ်တုပ်များပေါ်တွင် ပင့်ဆောင်ပြီး ဆီမီးရောင်စုံများ ထွန်းညှိကာ မြို့တစ်ပတ်စည်ကားသိုက်မြိုက်စွာ ည ၁၁ နာရီအထိ အပူဇော်ခံလှည့်လည်ကြသည်။

**မော်ကျွန်း-မြင့်အောင်**

# မြန်မာ - အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ စစ်ကိုင်းမြို့တော်ခန်းမ၌ ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၂**

မြန်မာ - အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးနှင့် စစ်ကိုင်းခရိုင် စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း၊ Indo-Myanmar အသင်း၊ မဏိပူရ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီတို့မှ ပူးပေါင်းကျင်းပသည့် အခမ်းအနားဖွင့်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အိန္ဒိယကောင်စစ်ဝန်ချုပ် Mr. Nandan Singh Bhaisora နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အိန္ဒိယကောင်စစ်ဝန်ချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ စီးပွားရေးပွဲ၌ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်မှ စီးပွားရေးကဏ္ဍများ၌ ထင်ရှားသော စီးပွားရေးကိုယ်စားလှယ် ၃၀ ကျော် လာရောက်ဆွေးနွေးခဲ့သည်။ စီးပွားရေးကဏ္ဍများတွင် စိုက်ပျိုးရေး၊ သစ်သီးဝလံ၊ စားသောက်ကုန်၊ လက်ရက်ကန်း၊ လက်မှုပစ္စည်း၊ သံနှင့်စတီး ဆက်စပ်သည့်ပစ္စည်းများ စသည်တို့ ပါဝင်သည်ဟု သိရသည်။ ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ နှစ်နိုင်ငံရှိ စီးပွားရေးကုန်သည်ကြီးများကြားတွင် စီးပွားရေးကဏ္ဍများ ဆက်လက်စီးဆင်းစေရန်ဖြစ်သည်ဟု သိရသည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက် နံနက် ၈ နာရီခွဲမှ ည ၈ နာရီအထိ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲများ၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည် အရောင်းပြခန်းများ၊ ဖက်ရှင်ရှိုးနှင့် အဆိုတော်များ၏ ဖျော်ဖြေမှုအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ် နှင့် ဂိမ်းအစီအစဉ်များ၊ DJ Entertainment နှင့် Dancer အဖွဲ့များက ညွှတ်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# ဖျာပုံမြို့နယ်မှ ထူးချွန်ကျောင်းသားများအား နေပြည်တော်လေ့လာရေးခရီးစဉ် ပို့ဆောင်

**ဖျာပုံ ဇန်နဝါရီ ၁၂**

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စုအတွင်းရှိ ထူးချွန် ကျောင်းသား ကျောင်းသူများ၏ နေပြည်တော် လေ့လာရေးခရီးစဉ်ကို ယမန်နေ့က စတင်ခဲ့ကြောင်း သိရသည်။

"ဒီအဖွဲ့ထဲမှာ ခရီးဝေးမထွက်ဖူးတဲ့ကလေးအများစု ပါဝင်နေတယ်။ ဒီလိုထူးချွန်တဲ့ကလေးတွေ လေ့လာရေးခရီး ပို့ဆောင်ပေးလိုက်ခြင်းအားဖြင့် ကလေးတွေဒေသန္တရ ဗဟုသုတတွေ ရမယ်။ ပညာကို ပိုကြိုးစားချင်လာမယ်။ ဒေသအတွက် နိုင်ငံတော်အတွက် အကျိုးပြုမယ့် ပညာတတ်လူငယ်တွေ များများပေါ်လာဖို့ ရည်ရွယ်တယ်။ မလိုက်ရတဲ့ အတန်းဖော်ကလေးတွေလည်း စာကြိုးစားချင်စိတ်တွေပိုလာမယ်လို့ ယုံကြည်တဲ့အတွက် အခုလိုလေ့လာရေးခရီး ပို့ဆောင်ပေးရခြင်း ဖြစ်ပါတယ်"ဟု သလိပ်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောသည်။

ခရီးစဉ်ကို ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သတ်မှတ်ထားပြီး နေပြည်တော်ရှိ ထင်ရှားသည့် ဘုရားစေတီများ၊ လွှတ်တော်၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ ရေပန်းဥယျာဉ် စသည့် အထင်ကရ လေ့လာရန်နေရာများသို့ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီခရီးစဉ်အတွက် ကုန်ကျစရိတ်ကို ကျေးရွာပညာရေးကော်မတီက အကုန်အကျခံမှာ ဖြစ်ပါတယ်။ ဒီကော်မတီအနေနဲ့ ကျေးရွာအတွင်းပညာရေးကို စိတ်ဝင်စားတဲ့ အလှူရှင်များထံမှ ငွေပဒေသာပင် တစ်ပင်လျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် အလှူခံထားရှိပြီး နှစ်စဉ်ရရှိသော ငွေပဒေသာပင် အကျိုးအမြတ်တွေကနေ ကုန်ကျခံပေးခြင်းဖြစ်ပါတယ်"ဟု ခရီးစဉ်တွင်ပါဝင်သူ ရပ်မိရပ်ဖ ဦးကျော်ထင်ထက်က ပြောသည်။

ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စုအတွင်း၌ အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ငါးကျောင်းရှိရာ ယခုခရီးစဉ်အတွက် ကျောင်းအလိုက်ထူးချွန်ကျောင်းသား ကျောင်းသူများကို ရွေးချယ်လျက် ထူးချွန်ကျောင်းသား ၃၈ ဦး၊ ဆရာမ ဆရာမ ခုနစ်ဦးကို ကျေးရွာများမှ ကိုယ်စားပြု ရပ်မိရပ်ဖ ငါးဦးက ဦးဆောင်၍ လေ့လာရေးခရီး ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# ကျုံပျော်မြို့နယ်အတွင်း လူဦးရေ ၂၄၀၀၀၀ ကျော်ကို ဆင်ခြေထောက်ကာကွယ်ဆေး တိုက်ကျွေးသွားမည်

**ကျုံပျော် ဇန်နဝါရီ ၁၂**

ကျုံပျော်မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာများရှိ လူဦးရေ ၂၄၀၀၀၀ ကျော်ကို ဆေးတိုက်အဖွဲ့ပေါင်း ၁၀၅၉ ဖွဲ့ဖြင့် ဆင်ခြေထောက် ရောဂါကာကွယ်ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြုလုပ်သော လူကုန်ဆေးကျွေးလုပ်ငန်း အသိပေးပွဲတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက ပြောကြားခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက အဆိုပါရောဂါသည် သန်ကောင်လေးများ သွေးထဲတွင်ပျံ့နှံ့၍ သွေးပြန်ကြောများ ပိတ်ဆို့ကာ ဖြစ်ပွားရသည့် ရောဂါဖြစ်ကြောင်း၊ ရောဂါပိုးရှိသောသူတစ်ဦးမှ အခြား တစ်ဦးသို့ ရေပုပ်ရေသိုးများတွင် ပေါက်ပွားသောခြင် ကိုက်ခြင်းဖြင့် ကူးစက်နိုင်ကြောင်း၊ ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ကျုံပျော်မြို့နယ်ရှိ လူ ၃၀၀ ကျော်ကို သွေးဖောက်စစ်ဆေးမှု ပြုလုပ်ခဲ့ရာ ရောဂါပိုးမတွေ့ရှိရကြောင်း၊ ယခု ၂၀၁၉ တွင် စိတ်ချရမှုရှိစေရန် အပိုဆောင်း နောက်ဆုံးအကြိမ် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့မြို့တွင် ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက်အထိ လူဦးရေ ၂၄၇၀၀၀ ကို ဆေးတိုက်အဖွဲ့ပေါင်း ၁၀၅၉ ဖွဲ့ဖြင့် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( မြစ်ကြီးနားမြို့ )



၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၀၊ ၂၁၊ ၂၂)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ မြစ်ကြီးနားမြို့။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်


ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း


ပြည်ထောင်စုဝန်ကြီး
ဦးသောင်းထွန်း


ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း


ဒုတိယဝန်ကြီး
ဦးအောင်ထူး

❒ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ဒုတိယသမ္မတဦးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေး**

စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များဖြင့် လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၅) ရပ်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုတွေ့ဆုံပွဲသည် (၂၃) ကြိမ်မြောက်ဖြစ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၂) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ လုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်အားလုံးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။

**ဖြေလျှော့ပေးနိုင်မည့်အခြေအနေများကို တင်ပြ**

အဆိုပါ ပြန်ကြားချက်များတွင် လုံးဝပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်များ ရှိသကဲ့သို့ အချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ဥပမာ- ပြီးခဲ့သည့် (၂၂) ကြိမ်မြောက် အစည်းအဝေးတွင် အခက်အခဲ၊ အကြံပြုတင်ပြချက်ပေါင်း (၁၃)ချက်ကို တင်ပြခဲ့ပါကြောင်း၊ ယင်းအချက်များအနက်မှ မြန်မာနိုင်ငံအလှကုန်အသင်းက တင်ပြခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် အမိန့် ကြော်ငြာစာ အမှတ် (၁/၂၀၁၈)အရ ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်မှုပြုရာ၌ ကုန်စည်များတွင်သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက် (သို့မဟုတ်) ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ ခြောက်လပြည့်မြောက်သည့်နေ့တွင် အကျိုးသက်ရောက်မည့် ကိစ္စနှင့် စပ်လျဉ်း၍ အချိန်လုံလောက်မှုမရှိသောကြောင့် သင့်လျော်သော အချိန်ကာလတစ်ခုသို့ ရွှေ့ဆိုင်းပေးရန် တင်ပြခဲ့မှုအပေါ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ဖြေလျှော့ပေးနိုင်မည့် အခြေအနေများကို အမြန်ဆုံးပြန်လည် တင်ပြခဲ့ပါကြောင်း။

အဆိုပါကိစ္စတွင် ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ(၅)ရပ်က တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Public-Private Dialogue) များ ပြုလုပ်၍ ပြီးပြတ်သည့်အထိ အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်၍ အချိန်တစ်ခု ထိစောင့်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချက်ချင်းမပြီးပြတ်ဘဲ အချိန်ယူ၍ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ဒေသအသီးသီးမှ စိုက်ပျိုးထွက်ရှိသော ဖရဲ၊ သခွားမွေးများအား နယ်စပ်ကျိန်စမ်းကျော့ဂိတ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရာတွင် ကျိန်စမ်းကျော့ဂိတ်ပိတ်သွားသဖြင့် ယာဉ်ကြောများ ပိတ်ဆို့လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ နစ်နာဆုံးရှုံးမှုများ အထိုက်အလျောက်ရှိခဲ့ကြောင်း၊ ထိုအခြေအနေမျိုးတွင် နိုင်ငံတော် အစိုးရ၏ လမ်းညွှန်မှုဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ခံဆောင်ရွက်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး ဦးဆောင်သည့်အဖွဲ့၊ ပတ်သက်ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် အစည်းအဝေးပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ နောက်တစ်ရက်တွင် ကျိန်စမ်းကျော့ဂိတ်ကို ယာယီပြန်လည်ဖွင့်လှစ်ခွင့်ရရှိခဲ့ရာ ထိခိုက်ဆုံးရှုံးမှုများကို အထိုက်အလျောက်တားဆီးနိုင်ခဲ့ပါကြောင်း။

**ကုန်သွယ်မှုပမာဏ**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတွင်တည်ရှိပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၈ ဒသမ ၃)ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဒီဇင်ဘာလကုန်အထိ) ကိန်းဂဏန်းများအရ ကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ (၈ ဒသမ ၁၁၇)ဘီလီယံအထိရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ (၀ ဒသမ ၄၄၉)ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုတွင် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ (၇ ဒသမ ၀၉၄) ဘီလီယံ ပါဝင်သည့်အတွက် ၈၇ ရာခိုင်နှုန်းအထိ တိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း၊ ကုန်သွယ်မှုပမာဏများကိုကြည့်လျှင် သွင်းကုန် တန်ဖိုးသည် ပို့ကုန်တန်ဖိုးထက်များနေသည့် အတွက် ကုန်သွယ်မှုလိုငွေဖြစ်နေသဖြင့် Trade Balance ဖြစ်စေရေးအတွက် ပို့ကုန်ကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်မှု**

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရပ်တည်ရန်ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုးခုတွင် အထူးအဖွဲ့များ ဖွဲ့စည်း၍ ဖမ်းဆီး အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလထိ ဖမ်းဆီးအရေးယူမှု ၂၆၆ ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၀ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

**“၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၈ ဒသမ ၃) ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဒီဇင်ဘာလကုန်အထိ) ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၈ ဒသမ ၁၁၇) ဘီလီယံအထိ ရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ (၀ ဒသမ ၄၄၉) ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့”**

Ease of Doing Business အဆင့် တိုးတက်ရေး၌ အဓိကကျသည့် လုပ်ငန်းတစ်ခု စတင်ထူထောင်ခြင်း (Starting a Business) အပိုင်းတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ ကုမ္ပဏီမှတ်ပုံတင်စနစ်ကို Online စနစ်နှင့် မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ မှတ်ပုံတင်ကြေးပေးသွင်းသည့် အပိုင်းတွင်လည်း Online Payment စနစ်ဖြစ်သည့်အတွက် အစိုးရမှ ဖော်ဆောင်နေသည့် e-government စနစ်၏ အရေးကြီးသည့် လုပ်ဆောင်နိုင်မှုပင်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ကုမ္ပဏီစတင်ထူထောင်သည်နှင့် ကုမ္ပဏီ ပြန်လည် မှတ်ပုံတင်သည့်အခြေအနေကို ကြည့်မည်ဆိုလျှင် ဩဂုတ်လ ၁ ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ ကုမ္ပဏီပေါင်း ၃၂၉၁၇ ခု ပြန်လည်မှတ်ပုံတင်နိုင်ခဲ့၍ ကုမ္ပဏီပေါင်း ၈၅၁၄ ခု အသစ်မှတ်ပုံတင်ခဲ့ပါကြောင်း၊ ထူးခြားမှုအနေဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလ အထိ ကုမ္ပဏီပေါင်း ၃၇၅၈ ခုသာ အသစ်မှတ်ပုံတင်ပေးခဲ့ပြီး၊ Online မှတ်ပုံတင် စတင်ခဲ့သည့် ၂၀၁၈ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ ကုမ္ပဏီပေါင်း ၈၅၁၄ ခု အသစ်မှတ်ပုံတင်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အရင်ကာလတူထက် နှစ်ဆကျော် အသစ်မှတ်ပုံတင်နိုင်ခဲ့ခြင်းသည် လုပ်ငန်းစတင်ခြင်းအပိုင်းတွင် ပိုမိုလွယ်ကူ ချောမွေ့မှုကို ပြသရာရောက်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို သိရှိပြီး ဆွဲဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်အတွင်း ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် Investment Forum များ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများ တိုက်ရိုက်ထိတွေ့ပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်မည့် အခွင့်အလမ်းများ ရရှိခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်နှင့် မတ်လ၌ ချင်းပြည်နယ်တို့တွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ Investment Forum များ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသည့် အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့် ကဏ္ဍများနှင့် သက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

**ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းပြောကြား**

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan-MSDP )ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေ၊ ဘဏ်လုပ်ငန်းများနှင့် အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့၊ အဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက Ease of Doing Business အဆင့်ပိုမိုတိုးတက်ရရှိရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အကြံပြုချက်များကို ရှင်းလင်း**

ထို့နောက် ချင်းပြည်နယ်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်လဲ့လျန်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်လှိုင်၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်စိုး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ကျောက်ဆည် ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင် ဓာတ်အားပေးစက်ရုံစီမံကိန်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ဘဲလင်းဒေသတွင် Power Gen Kyaukse Co.,Ltd. မှ ၁၄၅ မဂ္ဂါဝပ်ဓာတ်ငွေ့အင်ဂျင် ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် Power Gen Kyaukse Co.,Ltd. ၏ တာဝန်ရှိသူတို့က စီမံကိန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံစီမံကိန်းကို Independent Power Producer (IPP), Build-Operate-Own (BOO) စနစ်ဖြင့် နိုင်ငံသားနှင့် နိုင်ငံခြားသားတို့ ပူးပေါင်းရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီဖြစ်သော Power Gen Kyaukse Co.,Ltd. မှ ၂၀၁၈ ခုနှစ် မေလတွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စီးပွားဖြစ်ဓာတ်အား စတင်ထုတ်လုပ်၍ ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်၍ ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အင်အားမှာ ၁၈ ဒသမ ၄၇၁ မဂ္ဂါဝပ်ရှစ်လုံးဖြစ်ပြီး ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မှုမှာ ယူနစ်သန်းပေါင်း ၁၀၂၀ ဖြစ်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၇၂ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဥ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဇန်နဝါရီ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်း (ရန်ကုန်-ညောင်တုန်းအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ခရိုင်အဖွဲ့၊ အထူးအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဥ်များကို မှာကြားသည်။

**ပြုပြင်ထိန်းသိမ်းထားမှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်မှုနှင့် ပန်းတနော် - ရွှေလောင်း - ဝါးခယ်မလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)မှ ရွှေလောင်းတံတား အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရွှေလောင်းတံတားကို ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ကြိုးတံတားဖျက်သိမ်းမည့်အစီအစဥ်၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်ရေးအတွက် တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဥ် ခရီးသွားပြည်သူများ အဆင်ပြေရေးအတွက် ဇက်ရေယာဥ်စီစဥ်ပေးရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားကြပြီး ရှင်းလင်းဆောင်ရှုရပ်မှ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းတနော် - ရွှေလောင်း- ဝါးခယ်မ- ကျုံမငေးလမ်းပေါ်ရှိ ဝါးခယ်မတံတား ရှင်းလင်းဆောင်၌ တံတားအထူးအဖွဲ့(၁၅)မှ တာဝန်ရှိသူက တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းစဥ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကိုမှာကြားပြီး တံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လမ်းအမှတ်(၁၀) ဘိုကလေး - မော်လမြိုင်ကျွန်း - ကျုံမငေး- ဝါးခယ်မ-မြောင်းမြလမ်းပေါ်တွင် တံတားတည်ဆောက်ရေးအဖွဲ့(၂)မှ တည်ဆောက်နေသော အရှည် မီတာ ၇၂၀ရှိ ကျွန်းပြဿဒ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကျွန်းပြဿဒ်တံတားသည် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းပေါ်တွင်တည်ရှိပြီး တံတားပြီးစီးပါက ဘိုကလေးမြို့မှ မြောင်းမြမြို့သို့ အချိန်တိုအတွင်း သွားလာနိုင်မည့်အပြင် ကုန်စည်စီးဆင်းမှုလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မ - မရမ်းချောင်း - မြောင်းမြလမ်းပေါ်ရှိ ကျွန်းကုန်းကြိုးတံတားအနီးတွင် တံတားအသစ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** တာဝန်ရှိသူများအား လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များမှာကြားသည်။

**စီစဥ်ပေးထား**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြိုးတံတားများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ကြိုးတံတား ၂၉ စင်းကို ဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြီး တိုင်းတာစစ်ဆေးခြင်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကြိုးတံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဥ် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်နှင့် ပြည်သူများ လွယ်ကူအဆင်ပြေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး ဇက်ရေယာဥ်များ စီစဥ်ပေးထားကြောင်း သိရသည်။ **သတင်းစဥ်**

# ရေဒီယိုခေတ် ရွှေဖြစ်ခဲ့သောသီချင်းများဖျော်ဖြေပွဲ ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)က စီစဥ်ကျင်းပမည့် ရေဒီယိုခေတ် ရွှေဖြစ်ခဲ့သောသီချင်းများ ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၃ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရန် စီစဥ်ထားကြောင်း ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်းရှိ ရေနံချောင်းဓမ္မာရုံ၌ ပြုလုပ်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲ**(ယာပုံ)**မှ သိရသည်။



အဆိုပါပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးသူ စာရေးဆရာမဂျူးက "တကယ်တော့ ရေနံချောင်းအသင်းက လုပ်တာပါ။ ကျွန်မတို့ရဲ့ဆရာမကြီး ဒေါ်မြင့်မြင့်ခင်၊ ဆရာမကြီး ဒေါ်ညိုညို၊ အန်ကယ်ဦးကောင်းတို့ လုပ်ကြတာပါ။ အရင်ပွဲလုပ်ဖူးတဲ့ အတွေ့အကြုံလည်းရှိ၊ ရေနံချောင်းသူတွေလည်း ဖြစ်တဲ့အတွက် ကူညီပေးပါဆိုလို့ ကျွန်မနဲ့ ဒေါက်တာနီလာသိန်းတို့က ပါဝင်ကူညီဆောင်ရွက်ကြတာပါ။ ရေဒီယိုရွှေခေတ်က ကိုတင်လှိုင်၊ ရေနံသာစိုးလှိုင်၊ ရေနံသာဝင်းမောင်တို့ဆိုခဲ့တဲ့ သီချင်းတွေရှိသလို သူတို့ရေးခဲ့တဲ့ သီချင်းတွေ ရှိပါတယ်။ အဲ့ဒီထဲကမှ ဥပမာ ကိုတင်လှိုင်ဆိုရင် သူ့ကို အဆိုတော်အဖြစ် အားလုံးက သိကြတယ်။ ဒါပေမယ့် သူက သီချင်းလည်း ရေးတယ်။ သူရေးထားတဲ့သီချင်းကို နိုင်နိုင်မော်က ဆိုခဲ့ဖူးတယ်။ ရေနံသာစိုးလှိုင်ဆိုရင် သူက အဆိုတော်ဖြစ်ပေမယ့် သူကိုယ်တိုင်က သီချင်းတွေလည်း အများကြီးရေးခဲ့ဖူးတယ်။ ဂရေဟမ်ဆိုရင် သူ့သီချင်းထဲက ချမ်းပါတယ်သီချင်း၊ ချောစုခင်ဆိုရင် ရေနံသာ စိုးလှိုင်ရေးခဲ့တဲ့ ဟော့တော့ဆိုတဲ့သီချင်းကို ဆိုမယ်၊ မေသက်ထားဆွေက တောင်တန်းပြာနဲ့ ကျောပိုးအိတ်ကို ဆိုမယ်၊ အဲဒါတွေလည်း ပါပါတယ်။

"ရေနံသာဝင်းမောင်ဆိုရင်လည်း သူကိုယ်တိုင်ရေးခဲ့တဲ့ သီချင်း၊ သူကိုယ်တိုင်ဆိုခဲ့တဲ့ သီချင်း အပုဒ်ပေါင်း ၂၀၀ ကျော်ရှိတယ်။ အဲဒီထဲကမှ ပြန်ရွေးထုတ်ပြီး ဒီခေတ်နဲ့ လိုက်လျောညီထွေဖြစ်မယ့်ဟာ၊ ပရိသတ်တွေလည်း ရင်ထဲစွဲပြီး တသသဖြစ်မယ့် သီချင်းမျိုးကို ရွေးတဲ့အခါ အားလုံးပေါင်း ၂၄ပုဒ်၊ ၂၅ ပုဒ်လောက်ရပါတယ်။ ကိုတင်လှိုင်၊ ရေနံသာစိုးလှိုင်၊ ရေနံသာဝင်းမောင်တို့ ကိုယ်တိုင်က နှစ်ပုဒ်လောက် ဆိုနိုင်မယ်ထင်ပါတယ်။ တယောဆရာ ဦးတင်ငွေက တီးခတ်ပေးရုံသာမက သီချင်းရွေးတဲ့အခါမှာလည်း အကြံပေးပါတယ်"ဟု ပြောသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၃ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဒီယိုခေတ် ရွှေဖြစ်ခဲ့သောသီချင်းများ ဖျော်ဖြေပွဲတွင် ရေနံသာကြယ်ပွင့်သုံးဦးတို့ သီဆိုရေးသားခဲ့ကြသည့် ဘကြီးအောင်ညာတယ်၊ ယောကျ်ားမှာလည်း အသည်းနဲ့ပါ၊ အမုန်းခွန်အားပေးသနားပါ၊ ပန်းနဲ့ပေါက်တာလည်း နာချင်တယ်စသည့် သီချင်းများအပါအဝင် ရေဒီယိုခေတ်က နာမည်ကြီးခဲ့သောသီချင်းများကို ၎င်းတို့သုံးဦးအပြင် ရန်ပိုင်စိုး၊ အရိုင်း၊ ဂရေဟမ်၊ ရဲထိုက်၊ မိုးထက်မြင့်၊ ကော်နီ၊ ချောစုခင်၊ သဲနုဝါ၊ စိမ်းလဲ့လဲ့၊ မေသက်ထားဆွေတို့က ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

လက်မှတ်ဈေးနှုန်းမှာ ငွေကျပ်သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်း၊ ခုနစ်ထောင်တို့ဖြစ်ပြီး လက်မှတ်များကို လင်းရောင်သစ် မျက်စိဆေးခန်း၊ မြေနီကုန်း ဖုန်း-၀၉၇၇၇၅၃၉၉၉၅၊ ရေနံချောင်းအသင်း ဦးစန်းလွင် ဖုန်း- ၀၉၅၁၀၈၈၃၉၊ ဒေါ်မြင့်မြင့်ခင် ဖုန်း- ၀၉၅၄၁၄၀၅၃၊ ဒေါ်မေထွေး ဖုန်း- ၀၉၉၆၅၀၃၁၀၂၆၊ ဦးဌေးဝင်း (ငွေစပယ်လှိုင်ကုမ္ပဏီ ) ဖုန်း -၀၉၅၁၂၀၁၄၈ တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဝင်းဝင်းမော်**

# အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဖွဲ့စည်းရေး တွေ့ဆုံညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၁၂

**အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းရေး တွေ့ဆုံညှိနှိုင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ ကျင်းပရာ(ယာပုံ) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများ၊ လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။**



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ဆွေးနွေးပွဲသည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်ရာတွင် အခြေခံကျသည့်အဖွဲ့ဖြစ်သော အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကို စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ဖွဲ့စည်းနိုင်ရေးရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာ ဥပဒေများ ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်သမားများ၏ ရပိုင်ခွင့်များ ခံစားခွင့်ရရှိရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးတို့အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေတွင် အလုပ်သမား ၃၀ နှင့်အထက် အလုပ်လုပ်ကိုင်နေသော လုပ်ငန်းဌာနများတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကို အလုပ်ရှင်က ဥပဒေနှင့်အညီ ဖွဲ့စည်းရန်နှင့် အလုပ်သမားဘက်ကဖြစ်စေ၊ အလုပ်ရှင်ဘက်က ဖြစ်စေ မိမိတို့၏ နစ်နာချက်ကို အဆိုပါဖွဲ့စည်းထားသည့် ညှိနှိုင်းရေးကော်မတီသို့ တိုင်ကြား၍ ဆွေးနွေးညှိနှိုင်းရန် ပြဋ္ဌာန်းထားပါကြောင်း၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)သည် အလုပ်ရှင်နှင့် အလုပ်သမားအကြား ဖြစ်ပွားလာနိုင်သည့် အငြင်းပွားမှုများ၊ ပဋိပက္ခများကို လျော့နည်းစေနိုင်သည်သာမက နှစ်ဦးနှစ်ဖက်အကြား မိမိတို့၏ လိုလားချက်များကို ကနဦးဆွေးနွေးညှိနှိုင်းခြင်းဖြင့် အငြင်းပွားမှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ပြီး ပြေငြိမ်းမှုရရှိစေရေး အခြေခံကျသော အဖွဲ့ဖြစ်သည့်အတွက် WCC ကို မဖြစ်မနေ ဖွဲ့စည်းနိုင်ရေး တွန်းအားပေးသည့်အနေဖြင့် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းနိုင်ရေးအတွက် တွေ့ကြုံနိုင်သည့် အခက်အခဲများကို အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာမြို့နယ် ရွှေသံလွင် စက်မှုဇုန်ရှိ Mr. Chung Fook Pui ပိုင်ဆိုင်သော Bogard Lingerie (Yangon) Ltd. ၏ Bogard Lingerie Myanmar Training Center ၌ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အထည်ချုပ်လုပ်သားအလုပ်အကိုင် (Garment Sewing Machine Operator) (Level-1)အတွက် လုပ်သား ၅၀ အား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ် ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိခင်ဝိုင်းများဖွင့်လှစ်ခြင်း၊ မသန်စွမ်းနှင့်သက်ကြီးရွယ်အို ထောက်ပံ့ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ရွှေဂူကြီးဘုရားဓမ္မာရုံ၌ ကျင်းပသော မြင်းမူမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများနှင့်မိခင်ဝိုင်းများ ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွား ၆၆၆ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၁၉၉၈၀၀၀၀၊ မသန်စွမ်း ၂၇၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၈၂၈၀၀၀၀၊ မိခင်ဝိုင်းများ ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၃၆၀၃၁၀၀၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှစ်ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၄၀၀၀၀၀ နှင့် ကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် အာဟာရပဲနို့များ ပေးအပ်ကြရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ယင်းမာပင်မြို့နယ် ကျောက်မှော်ရွာ လောကနန္ဒာကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသော လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားတွင် အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွား ၆၃၂ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၁၈၉၆၀၀၀၀၊ မသန်စွမ်း ၁၀၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၀၃၀၀၀၀၊ မိခင်ဝိုင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၃၆၀၃၁၀၀ နှင့် ကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် အာဟာရပဲနို့များ ပေးအပ်ပြီး ယင်းမာပင်မြို့ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာရှိ အထက်တန်းကျောင်း၌ ပုလဲမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွား ၅၆၀ အတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၁၆၈၀၀၀၀၀၊ မသန်စွမ်း ၈၆၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၅၉၂၀၀၀၀၊ မိခင်ဝိုင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၃၆၀၃၁၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားများတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရမှ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်လျက်ရှိရာ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များသည် အဓိက အထောက်အကူပြုလျက်ရှိပါကြောင်း၊ ကလေးငယ်ဘဝမှ သက်ကြီးရွယ်အိုအထိ တစ်ဦးချင်းစီ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နည်းစနစ်ကျစွာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုဖြင့် သာတူညီမျှခံစားရရှိစေရန် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် လူမှုစီးပွားတိုးတက်ရေး၏ အဟန့်အတားများကို ကျော်လွှားစေပြီး နိုင်ငံတော်မှ အဓိကရည်မှန်းသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးမြှင့်တင်လျက်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများအတွက် အက်ဖ်ဒီအေမှ ထောက်ခံချက်လက်မှတ်ရယူရန် အွန်လိုင်းစနစ်ကို အသုံးပြုနိုင်တော့မည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော ခေတ်မီအိုင်စီတီနည်းပညာသုံး အွန်လိုင်းရက်ချိန်း ကြိုတင်လျှောက်ထားမှုစနစ် (Online Booking System) နှင့် ထောက်ခံချက် လက်မှတ်စီမံခန့်ခွဲမှုစနစ်အား (Certificate Information Management System) စတင်အသုံးပြုခြင်းဆိုင်ရာ မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများ နေ့စဉ် စားသောက်သုံးစွဲနေရသော အစားအသောက်နှင့် အလှကုန်ပစ္စည်းများ၊ နေထိုင်မကောင်းသည့်အခါ သောက်သုံးရသည့် ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာပစ္စည်းများ အရည်အသွေးပြည့်မီစစ်မှန်၍ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိသော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ လုပ်ငန်းများသည် ပြည်သူများ၏ ကျန်းမာရေးအတွက် လွန်စွာအရေးကြီးပါကြောင်း၊ စားသောက်ကုန်များနှင့် ဆေးဝါးများတွင် ဘေးအန္တရာယ်ဖြစ်နိုင်သည့်အရာများ အနည်းငယ်မျှပါဝင်လျှင် စားသုံးသူတို့၌ ရေရှည်တွင် မကူးစက်တတ်သော ရောဂါများ အပါအဝင် ရောဂါဘယများ ဖြစ်ပွားမည် ဖြစ်ပါကြောင်း။

ယခုအခါ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခေတ်မီအိုင်စီတီနည်းပညာသုံး အွန်လိုင်းရက်ချိန်း ကြိုတင်လျှောက်ထားမှုစနစ်နှင့် ထောက်ခံချက်လက်မှတ်စီမံခန့်ခွဲမှုစနစ်တို့အား စတင်အသုံးပြုမည်ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများမှာ ပိုမိုလွယ်ကူမြန်ဆန်တိကျလာမည် ဖြစ်ပါကြောင်း၊ ထို့အတွက် အလှကုန်ပစ္စည်းများနှင့် ဆေးပစ္စည်းများ ထုတ်လုပ်တင်သွင်းရောင်းချသူများ အနေဖြင့်လည်း လုပ်ငန်းများ ပိုမိုမြန်ဆန်လာမည်ဖြစ်သဖြင့် အဆိုပါ လုပ်ငန်းများတွင် လုပ်ကိုင်သူများ၏ အကျိုးစီးပွားပါ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါစနစ်များ လက်တွေ့အသုံးပြုပြီးနောက် အားနည်းချက်နှင့် လိုအပ်ချက်များရှိပါက အသုံးပြုသူများ၏ အကြံပြုချက်များနှင့်အညီ အသုံးပြုရလွယ်ကူအရိုးရှင်းဆုံးဖြစ်စေရန် မွမ်းမံပြင်ဆင်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ခင်ဇော်က ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများအတွက် ထောက်ခံချက်ရယူရန် ခေတ်မီအိုင်စီတီနည်းပညာသုံး အွန်လိုင်းရက်ချိန်း ကြိုတင်လျှောက်ထားမှုစနစ် (Online Booking System) ကို ဇန်နဝါရီလတွင် လည်းကောင်း၊ ထောက်ခံချက် လက်မှတ်စီမံခန့်ခွဲမှုစနစ်အား (Certificate Information Management System) အား ဖေဖော်ဝါရီလတွင် လည်းကောင်း စတင်အသုံးပြုသွားမည် ဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် လစဉ်စားသောက်ကုန်အမျိုးအစား ၁၆၀၀ ခန့်၊ အလှကုန်အမျိုးအစား ၇၅၀ မှ ၁၀၀၀ ခန့်၊ ဆေးဝါး ၅၀၀ မှ ၇၅၀ ခန့်နှင့် ဆေးပစ္စည်းကိရိယာ ၁၅၀၀မှ ၂၀၀၀ ခန့်တို့ကို စစ်ဆေးပေးလျက်ရှိပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အတတ်နိုင်ဆုံး မြန်ဆန်စေရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ခေတ်မီအိုင်စီတီ နည်းပညာသုံး အွန်လိုင်းရက်ချိန်း ကြိုတင်လျှောက်ထားမှုစနစ်နှင့် ထောက်ခံချက်လက်မှတ် စီမံခန့်ခွဲမှုစနစ်တို့နှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနွယ်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ခေတ်မီအိုင်စီတီ နည်းပညာသုံး အွန်လိုင်းရက်ချိန်း ကြိုတင်လျှောက်ထားမှုစနစ်နှင့် ထောက်ခံချက်လက်မှတ် စီမံခန့်ခွဲမှုစနစ်တို့အား Solution Hub ကုမ္ပဏီမှ နည်းပညာကူညီပံ့ပိုးမှုဖြင့် ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများအတွက် ထောက်ခံချက်ရယူရန် အွန်လိုင်းရက်ချိန်း ကြိုတင်လျှောက်ထားမှု ပြုလုပ်လိုသူများအနေဖြင့် www.fdamyanmar.gov.mm (သို့မဟုတ်) www.onlineservices.fda.gov.mm တွင် ဝင်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။


**မိုး/ဇလ**

# ကောင်းစွာပြင်ဆင် အောင်ပွဲဝင်

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)


နွေဦးရာသီဟာ စာမေးပွဲရာသီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကကျောင်းတွေရဲ့စာမေးပွဲကာလဖြစ်ပါတယ်။ ထက်၊ လယ်၊ မူလတန်းများအပြင် အရေးကြီးတဲ့ ဆယ်တန်းစာမေးပွဲလည်းရှိတာမို့ ကျောင်းသားငယ်များ၊ ဆရာ ဆရာမများ၊ မိဘများအတွက် အထူးအရေးကြီးတဲ့အချိန်ဖြစ်ပါတယ်။ တစ်နှစ်လုံးကြိုးစားခဲ့ရသမျှ စာမေးပွဲကာလမှာ ကျန်းမာရေး၊ စိတ်ဖိစီးမှု စသည်ဖြင့် တစ်ခုခုကြောင့် အနှောင့်အယှက်ဖြစ်သွားမှာ အထူးစိုးရိမ်မိပါတယ်။ ကျောင်းသားငယ်လေးတွေဟာ ဖြူစင်ကြ၊ နူးညံ့ကြတာမို့ ပန်းကလေးတွေနဲ့ တူပါတယ်။ သူတို့ကို နူးညံ့ပါးနပ်စွာ ကိုင်တွယ်ကြဖို့ လိုပါတယ်။ (Fail to plan is a plan to fail.)။ အလုပ်တစ်ခုကို စနစ်တကျကြိုတင်မစီမံထားရင် အဲဒီအလုပ်ဟာ မအောင်မြင်နိုင်ပါဘူး။ စာမေးပွဲဟာ အရေးကြီးတဲ့အလုပ်၊ ဘဝအတွက်ပါ အဆုံးအဖြတ်ပေးနိုင်တဲ့အလုပ်မို့ စနစ်တကျကြိုတင်စီမံထားဖို့ တိုက်တွန်းလိုပါတယ်။ စာမေးအတွက် ပြင်ဆင်ထားသင့်ပုံများကိုလည်း တင်ပြလိုပါတယ်။

**လိုအပ်သည်များကို ကြိုတင်စုစည်းပြင်ဆင်ထားပါ(Organize)**



စာမေးပွဲဝင်ခွင့်ကတ်၊ စာရေးကိရိယာ၊ နာရီ၊ ပေတံ၊ စာဖျက် စသည်တို့ကို ပြည့်စုံစွာ စုဆောင်းပြင်ဆင်ထားပါ။ ဒါဟာ ဘာများအရေးကြီးလို့လဲလို့ ထင်ရင်ထင်ကြလိမ့်မယ်။ စာမေးပွဲခန်းထဲရောက်လို့ တစ်ခုခုမပါလာရင်ဖြစ်ဖြစ်၊ စာမေးပွဲခန်းထဲဝင်ခါနီးအချိန်မှာဖြစ်ဖြစ် လိုတာမပါလာရင် ကြီးစွာသောစိတ်အနှောင့်အယှက် ဖြစ်နိုင်ပါတယ်။ လက်တွေ့ကြုံဖူးကြသူများ ရှိပါတယ်။ စိတ်အေးချမ်းသာ ယုံကြည်မှုရှိစွာနဲ့ စာမေးပွဲခန်းထဲ ဝင်ရောက်ပါ။

**အစားအစာ(Diet)**



အစာမစားဘဲနဲ့လည်း စာမေးပွဲခန်းထဲ မဝင်သင့်သလို ဗိုက်ဖောင်းနေအောင်စားပြီးတော့လည်း မဝင်ပါနဲ့။ ကိုယ်၊ စိတ် အင်အားတွေကို အပြည့်အဝအသုံးချရတာမို့ ခွန်အားရှိစေတဲ့ အစားအစာတွေကို သင့်တင့်စွာစားသုံးဖို့လိုပါတယ်။ အစာအိမ်ပြည့်တင်းနေရုံမက ဆီကြော်စာ၊ နို့တွေ၊ မလိုင်တွေ၊ ဥတွေ စသည်ဖြင့် အစာခြေခက်တာတွေ စားလိုက်ရင် ဗိုက်မြည်းလာနိုင်သလို အစာအိမ်မှာ အစာမရှိရင်လည်း အာရုံစူးစိုက်မှု မရနိုင်တော့ပါဘူး။ သစ်သီးနဲ့ အသားများဟာ စွမ်းအင်အတွက် အထူးသင့်လျော်ပါတယ်။ ငါး၊ အသား၊ သစ်သီးအချို့ကို ထမင်းအသင့်အတင့်နဲ့ စားနိုင်ပါတယ်။ ရေသန့်ဘူးဆောင်သွားပြီး ရေသောက်နိုင်ပါတယ်။ ရေခဲတတ်နည်းနေရင်လည်း အနှောင့်အယှက်ဖြစ်ပါတယ်။ စာမေးပွဲရာသီမှာ စိတ်ဖိစီးမှုများပြီး ကိုယ်ခံအားလည်း ကျဆင်းတတ်တာမို့ ကူးစက်ရောဂါတွေ ရလွယ်ပါတယ်။ ဒါကြောင့် အပြင်ထွက်စားသောက်တာမျိုးထက် ကိုယ့်အိမ်မှာပဲ စားသောက်ကျွေးမွေးသင့်ပါတယ်။


**ကိုယ်စိတ်ပြေလျော့နေပါစေ(Relax)**

စာမေးပွဲခန်းမဝင်မီ တစ်နာရီအလိုဟာ ဦးနှောက်ကိုအနားပေးထားရမယ့် အချိန်ပါ။ ဦးနှောက်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရအောင် အချက်အလက်တွေ ထပ်မထည့်ပါနဲ့တော့။ ကိုယ်လေ့လာမှတ်သားထားသမျှတွေကသာ ကိုယ့်အတွက် အကောင်းဆုံးဖြေပေးနိုင်တာမို့ သူတို့ကို လိုသလိုထုတ်သုံးနိုင်ဖို့ စိတ်ကိုအေးအေးထား၊ အသက်ဝဝရှူပြီး အနားပေးပါ။ စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းစေမယ့် မည်သည့်အပြုအမူမျိုးကိုမှ မလုပ်မိ၊ မဆက်စပ်မိပါနဲ့။ (ကမ္ဘာ့ဖလားပွဲ-အမျိုးသမီးနောက်ဆုံး ဗိုလ်လုပွဲရဲ့ ပယ်နယ်တီအဆုံးအဖြတ် ကန်ရပါတယ်။ အမေရိကန်နဲ့ ဂျပန်တို့ ဖြစ်ပါတယ်။ ဂျပန်ရဲ့နည်းပြဟာ ကန်မယ့်သူတွေကို ဘယ်လိုကန်ရမယ်ဆိုတာ လုံးဝမပြောဘဲ ရယ်စရာတွေသာ ပြောတယ်။ ကန်ကြတော့ ဂျပန်မလေးတွေ အနိုင်ရကြပါတယ်)။



စာမေးပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားသူတစ်ယောက်ကို စာမေးပွဲက ဘယ်လိုမှ မဟန့်တားနိုင်ပါဘူး။ မိမိကိုယ်တိုင်ရဲ့လွဲချော်ပြုမူမှုတစ်ခုခုကသာ မိမိကို ဒုက္ခပေးနိုင်တာပါ။ ဟိုး နှစ်စကတည်းက မှန်မှန်ပြင်ဆင်လာဖို့လိုပါတယ်။

**စီမံထားပါ(Plan)**



ကိုယ့်လက်ထဲကို မေးခွန်းစာရွက်ရောက်တာနဲ့ မေးထားတာတွေကို သေသေချာချာဖတ်ပါ။ ကိုယ်ဘယ်လို ဘယ်နေရာကနေ ဖြေမယ်ဆိုတဲ့ Plan ချလိုက်ပါ။ စာမေးပွဲနည်းဗျူဟာတစ်ခုကို ချမှတ်တာပါပဲ။ မိမိရင်းရမယ့် အချိန်အတွင်းမှာ အထိရောက်ဆုံး ဖြေဆိုနိုင်မှသာ အမှတ်တွေ လှိမ့်ဝင်လာပါလိမ့်မယ်။ ကိုယ်အပိုင်ဆုံးမေးခွန်းဟာ ကိုယ့်ကို အမှတ်အများဆုံးပေးမယ့် မိတ်ဆွေကြီးပါပဲ။

ပြီးတော့ မေးခွန်းတစ်ခုကို ကောင်းကောင်းဖြေနိုင်လေ မိမိကိုယ်ကို ယုံကြည်မှုတိုးလာလေပါပဲ။ ကိုယ်လိုချင်တဲ့အချက်တွေကို အချိန်နဲ့တစ်ပြေးညီထုတ်ပေးတဲ့ ကိုယ့်ဦးနှောက်ကိုလည်း စိတ်ထဲကနေ ချီးမွမ်းလိုက်စမ်းပါ။ ဦးနှောက်ကလည်း မိမိလိုတာတွေကို ဆက်ထုတ်ပေးပါလိမ့်မယ်။

မရလို့ တောက်တစ်ခေါက်ခေါက်ဖြစ်နေလေ၊ ခေါင်းက အလုပ်မလုပ်တော့လေ ဖြစ်လာတတ်ပါတယ်။ မိမိ မလေ့လာ မကျက်မှတ်ထားတာတွေကိုလည်း အချိန်ကပ်နေမှ အတင်းသွတ်သွင်းမနေပါနဲ့။ ကိုယ့်ဦးနှောက်ကို အနှောင့်အယှက်ပေးနိုင်ပါတယ်။ အင်ဂျင်ပူနေတဲ့ကား တစ်စီးဟာ မရုန်းနိုင်တော့ပါဘူး။

**ပြန်လည်စစ်ဆေးပါ(Cross-check)**

စာဖြေချိန်ရဲ့နောက်ဆုံး ၁၅ မိနစ်ကို ဖြေပြီးသားတွေပြန်လည်စစ်ဆေးဖို့ စီစဉ်ထားပါ။ ဒါဟာ အင်မတန်အရေးကြီးပါတယ်။ မိမိအပင်ပန်းခံခဲ့ရသမျှတွေကို အမှားတစ်ခုခု စွန်းမသွားစေဖို့ပါ။ မလိုအပ်တဲ့အမှားတွေ၊ လိုအပ်ချက်တွေ မလွဲမသွေ ရှိနေ



တတ်ပါတယ်။ တွေ့ရင် အချိန်မီပြင်နိုင်ပါတယ်။ မိမိအတွက် တန်ဖိုးအများဆုံးအချိန်မို့ သတိရှိရှိနဲ့ သည်းခံပြီး စစ်ဆေးပါ။

**မေ့ပစ်ပါ(Forget)**

ရက်ပေါင်း ၂၀၀ လောက် သင်ကြားခဲ့တာကို ၂ နာရီ၊ ၃ နာရီလောက်အတွင်းမှာ အပြီးသတ်ဖြေရတာပါ။ မိမိအဖြေလွှာကို အပ်လိုက်ပြီးတာနဲ့ အဖြေလွှာအပေါ်မှာ မိမိက ဘာမှမလုပ်နိုင်တော့ပါဘူး။ သက်ဆိုင်ရာကသာ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားပါလိမ့်မယ်။ ဒီအဖြေလွှာနဲ့ပတ်သက်ပြီး စိုးရိမ်စိတ်တွေ၊ သောကတွေ ဖြစ်နေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်ဒုက္ခပေးသလို ဖြစ်ပါလိမ့်မယ်။ သူငယ်ချင်း



တစ်ယောက်ယောက်ကပြောလိုက်တဲ့ အကြောင်းအရာတစ်ခုခုကို စိတ်ထဲစွဲမိရင် မပြီးနိုင်တော့တဲ့ စိတ်ဖိစီးမှုတွေ တွေ့ကြုံရမှာအမှန်ပါပဲ။ စာမေးပွဲခန်းထဲက ပေါ့ပါးစွာ ထွက်လာပါ။

**ပညာနဲ့ စာမေးပွဲ**

စာမေးပွဲမှာ လူတိုင်း မိမိရဲ့အရည်အချင်းကို အကောင်းဆုံး အသုံးချကြတာပါပဲ။ မိမိရဲ့မှားယွင်းမှု တစ်စုံတစ်ရာဖြစ်ခဲ့ရင်လည်း နောက်စာမေးပွဲတွေအတွက် သင်ခန်းစာလို့ သဘောထားသင့်ပါတယ်။ စာမေးပွဲတွေက မဆုံးနိုင်အောင် ဆက်တိုက်လာနေဦးမှာပါ။ ဘဝစာမေးပွဲတွေကို ရင်ဆိုင်တတ်ဖို့ ပညာသင်ကြရတယ်ဆိုတာ မှတ်ထားပါ။

ပညာရေးမှာ Theory X ဆိုတာ ရှိပါတယ်။ ကျောင်းသား ကျောင်းကိုလာတာ ပုံးလွတ်တစ်ခုကို ယူလာတယ်။ ကျောင်းကဆရာက အဲဒီပုံးထဲကို ပညာတွေထည့်ပေးတယ်။ ကျောင်းသားက များများယူတတ်ရင် များများရတယ်။ နည်းနည်းပဲယူတဲ့သူက နည်းနည်းပဲရတယ်။ ကျောင်းသားက အဲဒီပုံးကိုခေါင်းပေါ်ရွက်ပြီး ဘဝဆိုတဲ့အိမ်ကြီးဆီ ပြန်သွားတယ်။ ဘဝမှာ ပုံးထဲက ပညာတွေကို လိမ္မာပါးနပ်စွာ သုံးတတ်သူတွေဟာ အောင်မြင်သွားကြတယ်။

စာမေးပွဲဆိုတာ ကိုယ့်ကို အရောင်တင်ပေးတဲ့ဖြစ်စဉ်သာ ဖြစ်တယ်။ စာမေးပွဲအတွက် ကောင်းစွာပြင်ဆင်ထားနိုင်လေ၊ ကောင်းစွာ ရင်ဆိုင်ဖြေဆိုနိုင်လေ ဖြစ်ပါလိမ့်မယ်။ စာမေးပွဲတွေကို ကောင်းစွာ ပြင်ဆင်ဖြေဆိုနိုင်သူတွေ များလာလေလေ၊ မြန်မာ့လူ့အဖွဲ့အစည်းလည်း တိုးတက်လာလေပါပဲ။ ပညာခေတ်မှာ လူတော်လူကောင်းများစွာ မွေးထုတ်ပေးဖို့ လိုပါတယ်။ ထူးချွန်ထက်မြက်တဲ့ လူငယ်များစွာဟာ အနာဂတ်အတွက် အားထားရမယ့်သူများ ဖြစ်ကြပါတယ်။ လူငယ်တွေ တိုးတက်ကြပါစေ။ ။

**စာမေးပွဲခန်းမဝင်မီ တစ်နာရီအလိုဟာ ဦးနှောက်ကို အနားပေးထားရမယ့်အချိန်ပါ။ ဦးနှောက်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရအောင် အချက်အလက်တွေ ထပ်မထည့်ပါနဲ့တော့။ ကိုယ်လေ့လာမှတ်သားထားသမျှတွေကသာ ကိုယ့်အတွက် အကောင်းဆုံးဖြေပေးနိုင်တာမို့ သူတို့ကို လိုသလိုထုတ်သုံးနိုင်ဖို့ စိတ်ကိုအေးအေးထား၊ အသက်ဝဝရှူပြီး အနားပေးပါ။ စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းစေမယ့် မည်သည့်အပြုအမူ မျိုးကိုမှမလုပ်မိ၊ မဆက်စပ်မိပါနဲ့။ (ကမ္ဘာ့ဖလားပွဲ-အမျိုးသမီး နောက်ဆုံးဗိုလ်လုပွဲရဲ့ ပယ်နယ်တီ အဆုံးအဖြတ် ကန်ရပါတယ်။ အမေရိကန်နဲ့ ဂျပန်တို့ ဖြစ်ပါတယ်။ ဂျပန်ရဲ့ နည်းပြဟာ ကန်မယ့်သူတွေကို ဘယ်လိုကန်ရမယ်ဆိုတာ လုံးဝမပြောဘဲ ရယ်စရာတွေသာ ပြောတယ်။ ကန်ကြတော့ ဂျပန်မလေးတွေ အနိုင်ရကြပါတယ်)**

# အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိကျောင်းတော်တွင် ရွှေကြာမျက်နှာကြက်တော် ဆက်ကပ်လှူဒါန်း

ညောင်ရွှေ ဇန်နဝါရီ ၁၂

**ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိကျောင်းတော်တွင် ရွှေကြာမျက်နှာကြက်တော် ဆက်ကပ်လှူဒါန်းခြင်း ရေစက်ချအလှူမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားစံကျောင်းတော်၌ ကျင်းပသည်။**



ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ရွှေကြာမျက်နှာကြက်တော်ဖွင့်**

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက ဂန္ဓကုဋိကျောင်းတော်တွင် လှူဒါန်းတပ်ဆင်ထားသည့် ရွှေကြာမျက်နှာကြက်တော် မင်္ဂလာလိုက်ကာကို ဖွင့်လှစ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ညောင်ရွှေမြို့ မိုင်းသောက် ပထမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုမင်္ဂလာ ဘိဝံသထံမှ ညှော်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့က မေတ္တသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

**သာသနာရေးဆိုင်ရာ လျှောက်ထား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားပြီး မိုင်းသောက် ပထမဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**

# နာဂရိုးရာနှစ်သစ်ကူးပွဲတော် ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာ့တိုင်းရင်းသားလူမျိုးစုတွင် ပါဝင်သော နာဂလူမျိုးများ၏ ရိုးရာနှစ်သစ်ကူး ပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ယုဒသန်ရိပ်သာ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် နာဂရိုးရာ ယဉ်ကျေးမှု ရန်ကုန်မြို့နယ်ခွဲကော်မတီ ဥက္ကဋ္ဌ ဒေါ်ရိခါသေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် အတွင်းရေးမှူး ဦးဘန်လန်က နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကိုတင်ပြခဲ့သည်။ ဆက်လက်၍ နာဂနှစ်ခြင်း ခရစ်ယာန်အသင်းတော် (ရန်ကုန်) နာယက သိက္ခာတော်ရဆရာ ဒေါက်တာ စိန်မောင်က နှစ်သစ်ကူးဩဝါဒစကား ပြောကြားခဲ့ပြီး ဘာသာစကားနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းမှ ဆရာ Natan က တိုက်တွန်းနှိုးဆော်စကား ပြောကြားခဲ့သည်။




**ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းဖို့**

ရိုးရာစာပေနှင့် ယဉ်ကျေးမှု ရန်ကုန်မြို့နယ်ခွဲဥက္ကဋ္ဌ ဒေါ်ရိခါသေးက "ရန်ကုန်မှာ ကျင်းပလာတာတော့ ၁၀ နှစ်ကျော်ပြီ။ နေရာတော့ အတည်တကျ မရှိသေးပါဘူး။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ နာဂလူမျိုးတွေစုပြီး ကျင်းပဖြစ်တာပါ။ ကိုယ့်ရဲ့နှစ်သစ်ကူးလည်းဖြစ်တယ်။ ကိုယ့်ရဲ့ရိုးရာ ယဉ်ကျေးမှုတွေကို ကိုယ်မှတ်မိသလောက် သိသလောက် ထိန်းသိမ်းစောင့်ရှောက်ဖို့ အခုလိုကျင်းပဖြစ်တာပါ" ဟု ပြောသည်။

နာဂလူမျိုးများ၏ ရိုးရာနှစ်သစ်ကူး ပွဲတော်သည် ဇန်နဝါရီလ ၁၅ ရက်နေ့ ဖြစ်သော်လည်း ကျောင်းသား ကျောင်းသူများနှင့် အလုပ်ခွင်ဝင်ရောက်နေသော သူများ၏ အားလပ်ရက်ကို ရွေးချယ်၍ ယခုကဲ့သို့ ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ယုဒသန်ရိပ်သာ၌ ယနေ့ကျင်းပသော နာဂရိုးရာနှစ်သစ်ကူး ပွဲတော်တွင် တန်ကွန်မျိုးနွယ်စု ရိုးရာအက၊ All nation Theology Seminary ကျမ်းစာကျောင်းမှ ကိုညတ်မျိုးနွယ်စုသီချင်း၊ မကူရီမျိုးနွယ်စု ရိုးရာအက၊ ဘဝတက္ကသိုလ် ဘော်ဒါဆောင် ဆရာများမှ နာဂရိုးရာတေးသီချင်း၊ Rhema Bible College ကျောင်းသူများမှ နာဂရိုးရာသီချင်း၊ စာရာမေရိဂေဟာ(၂)မှ ကျောင်းသား ကျောင်းသူများ၏ နာဂရိုးရာအက စသော နာဂလူမျိုးများ၏ ရိုးရာတေးသီချင်းများ၊ အကပဒေသာများဖြင့် ဖျော်ဖြေခဲ့သည်။

ယနေ့ကျင်းပသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂလူမျိုးများ၏ အစားအသောက်များကို ရောင်းချခြင်း၊ နာဂရိုးရာလက်မှုအလုပစ္စည်း အလုပုတီး၊ လက်ကောက်၊ လည်ဆွဲ စသောအသုံးအဆောင် လက်မှုပစ္စည်းများကို ရောင်းချပေးခဲ့သည်။

**လေရှီးမြို့တွင် ကျင်းပမည်**

ထို့ပြင် နာဂလူမျိုးများ၏ အဓိက နှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

○ *ကျောဖုံးမှ*

ကျင်းပလျက်ရှိကြောင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်၊ နန်းယွန်း စသည့်မြို့များတွင် အလှည့်ကျ ကျင်းပလျက်ရှိရာ ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နန်းယွန်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့တွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ ဒေသသို့ လာရောက်သော ပြည်တွင်းပြည်ပ ခရီးသွားများက လေရှီးမြို့အခြေပြုကာ ရိုးရာနေအိမ်အဆောက်အအုံပြတိုက်၊ လှေကားထစ် လယ်ယာစိုက်ခင်း၊ လေးရှီးမြို့ ဘုရားတောင်ရှုခင်းမြင်ကွင်း၊ စာရာမေရိတောင်အလှရှုခင်းမြင်ကွင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ခင်းများကို လေ့လာကြကြောင်း သိရသည်။

ယခုကျင်းပသော လေရှီးမြို့ ၂၀၁၉ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ကျသော ပြည်တွင်းပြည်ပ ခရီးသွားများသည် လေကြောင်းခရီးနှင့် ကုန်းကြောင်းခရီးကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ စသည့်မြို့ကြီးများမှ တစ်ဆင့် ဟုမ္မလင်းမြို့အထိ လည်းကောင်း၊ တစ်ညအိပ်ကာ ထိုမှတစ်ဆင့် ကုန်းကြောင်းခရီးကို ဟုမ္မလင်းမြို့နယ်အတွင်းရှိ ပင်းမာကျေးရွာမှ ထမံသီကျေးရွာသို့ ဇက်ဖြင့်ကူးကာ ယင်းကျေးရွာမှတစ်ဆင့် ၄၂ မိုင် ဝေးကွာသော လေရှီးမြို့သို့ မော်တော်ယာဉ်များဖြင့် လည်းကောင်း အသီးသီး လာရောက်လေ့လာကြသည့်အပြင် ဆိုင်ကယ်များဖြင့် အစုလိုက် လာရောက်လည်ပတ်ကြသည့် ခရီးသွားများလည်း အများအပြားရှိရာ ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာလမှ ပွဲတော်ကာလအချိန်အထိ ပြည်တွင်းပြည်ပ ခရီးသွားပြည်သူ ၁၀၀၀၀ ကျော်ခန့် လာရောက်လည်ပတ် လေ့လာမည်ဖြစ်ကြောင်း လေရှီးမြို့ ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ထွင်ရှထံမှ သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရေး ပြင်ဆင်မှု ရာနှုန်းပြည့်ပြီးစီး

**လေရှီး ဇန်နဝါရီ ၁၂**

နာဂတိုင်းရင်းသားများ၏ အထင်ကရ ပွဲတော်တစ်ခုအဖြစ် ကျင်းပသည့် ၂၀၁၉ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိရာ **(အောက်ပုံ)** ယခုအခါတွင် ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း နာဂရိုးရာ ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွင်ရှထံမှ သိရသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်တွင် မုခ်ဦးဖွင့်ပွဲအခမ်းအနား၊ ရိုးရာဆုတောင်းတိုင်စိုက်ထူခြင်းနှင့် ရိုးရာပန်ခေါက်ခြင်းကို လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နှစ်သစ်ကူးပွဲတော် ကျင်းပမည်ဖြစ်ပြီး ညပိုင်းတွင် မီးပုံပွဲနှင့် ရိုးရာယဉ်ကျေးမှု အကများဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ပြိုင်ပွဲထူးချွန်ဆုပေးပွဲများကို လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ခါတိုင်းနှစ်တွေလိုပဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေကို လုပ်ဆောင်ခဲ့တာ အခု ရာနှုန်းပြည့် ပြီးစီးပါပြီ။ ပွဲတော်ကျင်းပဖို့အတွက် အသင့်ဖြစ်နေပြီလို့ ပြောလို့ရပါတယ်။ အခုနှစ်မှာတော့ ထူးခြားမှုအနေနဲ့ နာဂရိုးရာ နပန်းပြိုင်ပွဲနဲ့ ထင်းခုတ်ပြိုင်ပွဲကို ထည့်သွင်း ထားတယ်" ဟု နာဂရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ထွင်ရှက ပြောသည်။

၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်တွင် ဌာနဆိုင်ရာ ပြခန်းများအဖြစ် စိုက်ပျိုးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြခန်းများ၊ နာဂရိုးရာ ယဉ်ကျေးမှုပြခန်း လေးခန်း၊ ဒေသထွက်ပစ္စည်းများ အမှတ်တရပစ္စည်း အရောင်းဆိုင်၊ စားသောက်ဆိုင်များ ပါဝင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**





# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးဟောင်း၊ ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဝဲပုံ)

**ပြန်လည်ထွက်ခွာ**

အလားတူကော်မရှင်အဖွဲ့ဝင်ဖြစ်သူ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီးကင်ဇိုအိုရှီးမားသည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

# စစ်ကိုင်းကလေးစာပေပွဲတော် ကျင်းပခြင်းနှင့်ပတ်သက်၍ ဒေသခံများ၏ လှိုက်လှဲဝမ်းသာစကားသံများ



ဦးအောင်ကြီး



ဒေါ်စုမြတ်ထက်



ခင်စုမြတ်ချမ်းသာ



မောင်အံ့မင်းကိုကို



မခြူးခြူးစံ



ဦးဝင်းနိုင်

**စစ်ကိုင်းမြို့အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက် အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကျင်းပမှုနှင့်ပတ်သက်၍ ဒေသခံများ၏ စကားသံများကို စုစည်းတင်ပြလိုက်ပါသည်။**

**ဦးအောင်ကြီး ဥက္ကဋ္ဌ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်းမြို့)**

ကလေးစာပေပွဲတော် ပထမဆုံးအကြိမ် ကျင်းပတာဖြစ်တဲ့အတွက်ဒေသခံတစ်ဦးအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ကလေးစာပေပွဲတော်ရလဒ်ဟာ ကလေးတွေ စာအုပ်စာပေနဲ့ မဝေးဘူး၊ စာအုပ်စာပေဆိုတာ မိတ်ဆွေကောင်းဆိုတာ ကလေးတွေ သိလာမယ်။ စာဖတ်ခြင်းကြောင့် ကောင်းမွန်တိုးတက်လာမယ်။ ကလေးကောင်းမှ လူကြီးကောင်းမယ်။ လူကြီးကောင်းမှ အနာဂတ်ကောင်းမယ်ဆိုသလိုပေါ့။ ရည်ရွယ်ချက်ကောင်းပြီး အကျိုးကျေးဇူးကောင်းတွေ များတဲ့ပွဲတော်ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းမှာသာမဟုတ်ပါဘူး၊ အခြားပြည်နယ်၊ ခရိုင်၊ မြို့နယ်တွေပါ နိုင်ငံအနှံ့လုပ်စေချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ စာအုပ်စာပေဖတ်ရှုခြင်းအားဖြင့် ရုပ်ပိုင်းဆိုင်ရာတွေသာမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာတွေပါမြင့်တက်ပြောင်းလဲ သွားနိုင်ပါတယ်။ စစ်ကိုင်းခရိုင် အတွင်းမှာရှိတဲ့ သားသမီးရှိတဲ့ မိဘတိုင်းဟာ သားသမီးတွေကို ဒီပွဲတော်ကို လိုက်ပို့ပေးကြပါလို့လည်း နှိုးဆော်တိုက်တွန်းချင်ပါတယ်။

**ဒေါ်စုမြတ်ထက် (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)**

ကလေးစာပေပွဲတော်ကျင်းပတာ ကျွန်မတို့ စစ်ကိုင်းမှာ ပထမဦးဆုံး ဖြစ်တယ်။ ကလေးစာပေပွဲတော် စစ်ကိုင်းမှာလာလုပ်တဲ့အတွက် ကလေးတွေလည်း တော်တော်ပျော်ကြပါတယ်။ ပွဲတောင်မဖြစ်သေးဘူး။ ကလေးတွေ အစမ်းလေ့ကျင့်တဲ့နေ့မှာတင် ပျော်နေတာတွေ့တော့ ကျေးဇူးတင်ပါတယ်။

ကလေးစာပေပွဲတော် စလုပ်မယ်ဆိုကတည်းက ပထမဦးဆုံး ကျွန်မနဲ့အတူ ခရိုင်ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနဲ့ အရင်ဆုံး တိုင်ပင်ဆွေးနွေးကြပါတယ်။ ဒီလို တိုင်ပင်ပြီးတော့ အခမ်းအနား ပြင်ဆင်တာတွေကအစ အားလုံးပူးပေါင်းပြီး ဝိုင်းဝန်းလုပ်ဆောင်ပါတယ်။ ကျွန်မတို့အနေနဲ့ အတတ်နိုင်ဆုံး စစ်ကိုင်းမှာ စာဖတ်အောင်လို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရဲ့ Mobile Library နဲ့လည်း လုပ်ပြီးတော့ စီစဉ်ဆောင်ရွက်တာရှိပါတယ်။ လူထုအခြေပြု ဗဟိုဌာနမှာလည်း ကလေးတွေကို အမြဲတမ်းကျောင်းပေါင်းစုံ ဖိတ်ခေါ်ပြီးတော့ စာဖတ်အောင် စာကြည့်တိုက်မှာ ဆွဲဆောင်စည်းရုံးနေတာလည်း ရှိပါတယ်။ အားလုံးကို လာစေချင်ပါတယ်။ ဒီလိုလာနိုင်အောင်လည်း အားလုံးကို ဖိတ်ခေါ်ထားပါတယ်။ စီစဉ်ထားပါတယ်။

**ခင်စုမြတ်ချမ်းသာ**
**ဆဋ္ဌမတန်းကျောင်းသူ၊**
**KID's Smile ကိုယ်ပိုင်ကျောင်း**

သမီးက မုံရွာမှာ ကလေးစာပေပွဲတော် ကျင်းပတုန်းက ရောက်ဖူးတယ်။ ပျော်ဖို့ကောင်းသလို ကျောင်းသားတွေအတွက် ဗဟုသုတရပါတယ်။ ကလေးတွေအကြိုက် ပျော်ပွဲရွှင်ပွဲတွေ၊ ပြိုင်ပွဲတွေပါတော့ ကောင်းတယ်။ သမီးကတော့ ပုံဆွဲလည်းပြိုင်မယ်၊ ပန်းချီလည်း ပြိုင်မယ်၊ အရောင်ခြယ်လည်း ပြိုင်ပါမယ်။ လာရောင်းတဲ့ စာအုပ်တွေ လေ့လာပြီး စာအုပ်တွေလည်း ဝယ်ဦးမယ်။

**မောင်အံ့မင်းကိုကို**
**တတိယတန်း (A)၊ အထက ၃**

ကလေးစာပေပွဲတော်မှာ စာအုပ်အရောင်းဆိုင်တွေပါတော့ လိုချင်တဲ့စာအုပ်တွေဝယ်ဖို့ စဉ်းစားထားတယ်။ မနှစ်က မုံရွာမြို့မှာကျင်းပတဲ့ ကလေးစာပေပွဲတော်ကို ကျွန်တော်က သွားဖူးတယ်။ အဲဒီမှာ ဗဟုသုတရသလို ပျော်စရာကောင်းတဲ့အကြောင်း ကျွန်တော်ပြန်ပြောပြတော့ မကြုံဖူးသေးတဲ့ သူငယ်ချင်းတွေက ဒီမှာ ကျင်းပမှာကို မျှော်နေကြတယ်၊ သူတို့လည်း ကြုံရတော့မှာမို့ ပျော်လည်း ပျော်နေကြတယ်။

**မခြူးခြူးစံ**
**စတုတ္ထတန်း (A)၊ အထက ၃**

သမီးတို့ စစ်ကိုင်းမြို့မှာ ကလေးစာပေပွဲတော်ကို ကျင်းပပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ရုပ်မြင်သံကြားမှာ ကလေးစာပေပွဲတော် သီချင်းလေးကြားရင် သမီးတို့ဆီမှာလည်း ကျင်းပပေးရင်ကောင်းမှာလို့ တွေးမိတယ်။ အခုလိုသမီးတို့ဆီမှာ ကျင်းပတော့ အရုပ်ဆက်ဂိမ်းတွေ၊ စကားပုံဆက်ဂိမ်းတွေ၊ စက္ကူခေါက်၊ ဆေးရောင်ခြယ် ကစားနည်းတွေပါလို့ သူငယ်ချင်းတွေနဲ့ အတူတူဆော့မယ်လို့ စိတ်ကူးထားတယ်။

**ဦးဝင်းနိုင်(ကျောင်းသားမိဘ)**
**ရွာထောင်၊ ပန်းပဲတန်းရပ်**

ကလေးစာပေပွဲတော် ကျင်းပပေးတဲ့အတွက် စစ်ကိုင်းမြို့အနေနဲ့ရော၊ ကျောင်းသား မိဘအနေနဲ့ရော ကျောင်းသား ကျောင်းသူတွေအတွက် တန်ဖိုးရှိတဲ့ ပွဲတော်တစ်ခုအနေနဲ့ မြင်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် စာပေဗဟုသုတတွေ၊ အတွေ့အကြုံတွေ စုစည်းပေးတဲ့ ပွဲဖြစ်ပါတယ်။ ပွဲတော်ကြီးကျင်းပတဲ့နေရာမှာ စာအုပ်အရောင်းဆိုင်တွေ၊ ဗဟုသုတရရှိစေမယ့် ပြခန်းတွေ၊ အားကစားပွဲတွေ ပါဝင်ပြသပေးတဲ့အတွက် မိဘတွေကိုယ်စား ကျေးဇူးတင်ပီတိဖြစ်ရပါတယ်။

**အောင်မင်းဟန်**

# ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့် အီတလီနိုင်ငံ ပါးမားတက္ကသိုလ်တို့၏ အပြန်အလှန်စေလွှတ်ပညာသင်ကြားရေး အစီအစဉ်ကို ဥရောပသမဂ္ဂ၏ထောက်ပံ့မှုဖြင့် စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့် အီတလီနိုင်ငံပါးမားတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သော ကျောင်းသားများ၊ သင်ကြားရေးဆရာဆရာမများနှင့် စီမံခန့်ခွဲမှုဝန်ထမ်းများ အပြန်အလှန်စေလွှတ်ပညာသင်ကြားရေး အစီအစဉ်ကို ဥရောပသမဂ္ဂ၏ထောက်ပံ့မှုဖြင့် စတင်မည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်နှစ်ခုရှိ ကျောင်းသား ကျောင်းသူများ၊ သင်ကြားရေး ဆရာ ဆရာမများနှင့် စီမံခန့်ခွဲမှုဝန်ထမ်းများအား အပြန်အလှန် စေလွှတ်ပညာသင်ကြားနိုင်ရေးအတွက် ဥရောပသမဂ္ဂသို့ လျှောက်ထားခဲ့ရာ Erasmus project အမှတ် KA 107 ဖြင့် ထောက်ပံ့ငွေရရှိခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့အပြန်အလှန်စေလွှတ် ပညာသင်ကြားနိုင်ရေးအတွက် ဥရောပသမဂ္ဂမှ နှစ်နှစ်ဆက်တိုက် ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ နှစ်နှစ်အတွင်း ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ကျောင်းသား ၁၀ ဦး၊ ဆရာ ဆရာမ ခြောက်ဦးနှင့် ဝန်ထမ်း လေးဦး စုစုပေါင်း ၂၀ မှာ အီတလီနိုင်ငံ ပါးမားတက္ကသိုလ်သို့ သွားရောက်ပညာသင်ကြားခွင့် ရရှိမည်ဖြစ်ပြီး ၎င်းတက္ကသိုလ်မှ ကျောင်းသား လေးဦး၊ ဆရာ လေးဦးနှင့် ဝန်ထမ်း နှစ်ဦးမှာ ဆေးတက္ကသိုလ်(၁)သို့ လာရောက်လေ့လာသင်ကြားမည်ဖြစ်သည်။

ယင်းသို့တက္ကသိုလ် နှစ်ခု အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက "ဒါဟာ ကျွန်တော်တို့ရဲ့ အမျိုးသားပညာရေးမူဝါဒကို အကောင်အထည်ဖော်တာဖြစ်သလို ဆေးတက္ကသိုလ်တွေ နိုင်ငံတကာအဆင့်မီဖို့အတွက် ခြေလှမ်းလှမ်းတာလည်းဖြစ်တယ်။ နိုင်ငံတကာကို အခုလိုပို့ဆောင်ပေးခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ ကျောင်းသားတွေ၊ ဆရာတွေ အမြင်ကျယ်လာဖို့လည်း ဖြစ်တယ်"ဟု ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ယနေ့ကျင်းပသော ERASMUS+KA107, Kick off Meeting တွင် မီဒီယာများ၏ အမေးကို ဖြေကြားခဲ့သည်။

ထူးခြားမှုအနေဖြင့် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များတွင် ပထမဦးဆုံးဥရောပသမဂ္ဂ၏ ထောက်ပံ့မှုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အီတလီနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆေးပညာရပ်မြင့်မားသော အဆင့်(၂)နေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။

ဆေးတက္ကသိုလ်(၁)ရန်ကုန်သည် ဂျပန်နိုင်ငံ အိုကာယာမားယူနီဗာစတီနှင့် ချိတ်ဆက်၍ ကျောင်းသားများ သွားရောက်ပညာသင်ကြားရေးအစီအစဉ်ကို လွန်ခဲ့သော ငါးနှစ်ခန့်ကပင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ နှစ်စဉ်မွေးထုတ်ပေးသော ဘွဲ့ရကျောင်းသားကျောင်းသူမှာ တစ်နှစ်လျှင် ၄၀၀ ခန့်ရှိကြောင်း သိရသည်။

ဆေးတက္ကသိုလ်(၁)ရန်ကုန်တွင် ယနေ့ကျင်းပသော ERASMUS+KA107, Kick off Meeting သို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ဆေးတက္ကသိုလ်များ၊ ဆေးတက္ကသိုလ်နှင့်နှီးနွယ်သော တက္ကသိုလ်များ၊ ပါမောက္ခချုပ်များ ကော်မတီအပါအဝင် ပညာသင်သွားရောက်ရန် ရွေးချယ်ထားသော ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ တက်ရောက်ခဲ့ကြသည်။




ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး အမှာစကားပြောကြားနေစဉ်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ပုဏ္ဏားကျွန်းမြို့နယ် အထက်မြတ်လေးကျေးရွာရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ ဇန်နဝါရီ ၁၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့နံနက်ပိုင်းက ပုဏ္ဏားကျွန်းမြို့နယ် အထက်မြတ်လေးကျေးရွာတွင် ရောက်ရှိနေသည့် တိုက်ပွဲရှောင်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က နယ်မြေလုံခြုံရေး အခြေအနေကြောင့် ယခုကဲ့သို့ လာရောက်နေထိုင်ကြရချိန်တွင် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် စားသောက်နေထိုင်ရေးအတွက် အတတ်နိုင်ဆုံးပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း လိုအပ်သည့် ဆရာဝန်၊ ဆရာမများနှင့် ဆေးဝါးပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေရပ်စွန့်ခွာတိမ်းရှောင်နေသူများက စားဝတ်နေရေး၊ ကျန်းမာရေးနှင့် သောက်သုံးရေရရှိရေးများအတွက် လိုအပ်ချက်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ယင်းနောက် အထက်မြတ်လေးကျေးရွာရှိ တိုက်ပွဲရှောင်စခန်းတွင် အိမ်ထောင်စု ၈၈ စု၊ လူဦးရေ ၄၂၇ ဦးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသော ထောက်ပံ့ငွေကျပ် ၄၂ သိန်း၊ ရေသန့်ဘူး ၂၀၀၊ မိသားစုအသုံးအဆောင်ပစ္စည်း ၈၂ ဘူး ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆန်တစ်လစာ အတွက် ငွေကျပ် ၃၇၅၃၀၀၀၊ ဖျာ ၈၈ ချပ်အတွက် ငွေကျပ် ၄၄၀၀၀၀၊ စောင် ၁၇၆ ထည်အတွက် ငွေကျပ် ၄၆၁၁၀၀ နှင့် မွေးမိခင်တစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



# ကလေးစာပေပွဲတော် (စစ်ကိုင်း) အောင်မြင်စွာကျင်းပနိုင်ရေး အစမ်းလေ့ကျင့်မှုများ ဆောင်ရွက်

**စစ်ကိုင်း ဇန်နဝါရီ ၁၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အစမ်းလေ့ကျင့်မှုများကို ယနေ့ နံနက် ၉ နာရီက စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပွဲတော်တွင် ခင်းကျင်းပြသမည့် ပြခန်းများကို ကြည့်ရှုကြသည်။ **(အောက်ပုံ)**

**မည်သူမဆို ပါဝင်ဆင်နွှဲနိုင်**

ကလေးစာပေပွဲတော် (စစ်ကိုင်း) ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ စစ်ကိုင်းမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များ၊ ပြပွဲပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများ၊ ဂိမ်းကစားနည်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုး ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်း ၁၆ ကျောင်းမှ






ကျောင်းသားများဖြင့် စတင်ကျင်းပသည်။

အမျိုးသားဖူဆယ်ဘောလုံးပြိုင်တွင် ပါဝင်ယှဉ်ပြိုင်ကစားသည့် အထက-ရွှေမင်းဝံကျောင်းမှ ကျောင်းသား မောင်ထွန်းထွန်းအောင်က "ကျွန်တော်တို့လို ကျောင်းသားတွေအတွက် စာပေ တတ်မြောက်ဖို့က အရေးကြီးသလို ကျန်းမာဖို့ကလည်း အရေးကြီးပါတယ်။ ဒီလို ကျောင်းသား ကျောင်းသူတွေ အတွက် ရည်ရွယ်လုပ်ပေးတဲ့ ကလေးစာပေပွဲတော်နဲ့အတူ ကျန်းမာကြံ့ခိုင်ဖို့ အတွက် အားကစားပြိုင်ပွဲတွေ ထည့်သွင်းကျင်းပပေးတာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျန်းမာမှ ကျွန်တော်တို့ ရည်မှန်းချက်တွေ အောင်မြင်အောင် ကြိုးစားခွင့်ရရှိမှာပါ။ ပြီးတော့ ဒီလို ပြိုင်ပွဲတွေကနေ အသင်းအဖွဲ့နဲ့ ပူးပေါင်းလုပ်ဆောင်တတ်တဲ့ အကျင့်ကောင်းကိုလည်း ရရှိမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - အောင်မင်းဟန်**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၁၈ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်မှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ယမန်နေ့က သတင်းမီဒီယာများအား စာနယ်ဇင်း ရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ယာပုံ)**

အဆိုပါစာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် ဦးနှင်းမိုး၊ ဦးကြည်စိုးထွန်း၊ ဦးဇင်ဝိုင်း၊ ပန်းချီစိုးမိုးနှင့် ဦးအေးကြူလေးတို့က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအခမ်းအနားနှင့် ပတ်သက်၍ သတင်းမီဒီယာများသိလိုသမျှကို ရှင်းလင်းဖြေကြားခဲ့သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဖော်ဆောင်လျက်ရှိသည့် အခြေခံမူများဖြင့် တစ်နှစ်တာအတွင်း အကောင်းဆုံးဆုများကို ရွေးချယ်ချီးမြှင့်ခြင်း၊ ပြက္ခဒိန်တစ်နှစ်တာအတွင်း အမှန်တကယ်ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားများ အတွင်းမှသာ ရွေးချယ်ချီးမြှင့်ရန်ဖြစ်ပြီး အကယ်ဒမီစာရင်းဝင်နိုင်ရန် အတွက် စတိသဘော ရုံတင်သော ဇာတ်ကားများ ထည့်သွင်းစဉ်းစားခြင်းမပြုခြင်း၊ မည်သည့်ဇာတ်ကားအမျိုးအစားဖြစ်စေ တစ်ပြေးညီအနုပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ စံချိန်စံညွှန်းများဖြင့်သာ ရွေးချယ်ဆုံးဖြတ်ခြင်း၊ အနုပညာရှင် အတတ်ပညာရှင်များတို့၏ ပုဂ္ဂလိကလူမှုရေးဘဝနှင့် ရာဇဝတ်မှုပြစ်ဒဏ်၊ နိုင်ငံရေးအသွေးအရောင်တို့ကို ထည့်သွင်းတွက်ချက်ခြင်း မပြုဘဲ အနုပညာ၊ အတတ်ပညာ စံချိန်စံညွှန်းဖြင့်သာ ရွေးချယ်ဆုံးဖြတ်ခြင်း၊ သက်ဆိုင်ရာဆုတစ်ဆုခြင်းအတွက် ထူးချွန်ဆု တစ်ဆုသာ ချီးမြှင့်ရန်ဖြစ်ပြီး ပူးတွဲနှစ်ဆုချီးမြှင့်ခြင်း မပြုခြင်း၊ အချို့ရွေးချယ်ခံရသော ဆုများအတွက် ပူးတွဲဖန်တီးသူများ ရှိပါကလည်း ယင်းပုဂ္ဂိုလ်နှစ်ဦးအား ပူးတွဲ၍ ရွှေစင်ရုပ်တစ်ဆုနှင့် ချီးမြှင့်ငွေတစ်ဦးစာသာ ချီးမြှင့်ခြင်း၊ မြန်မာနိုင်ငံသား အနုပညာရှင် အတတ်ပညာရှင်များကိုသာ ချီးမြှင့်ခြင်း စသည့်မူများဖြင့် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိသူများ ရွေးချယ်အတည်ပြုရာတွင် ချိတ်ပိတ်ပေးပို့လာသော အမှတ်စာရင်းများကို အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ တစ်ဦး၊ အကဲဖြတ်အဖွဲ့ဦးစီးကော်မတီဝင်တစ်ဦး၊ နာယကကြီးများ အဖွဲ့ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် စုစုပေါင်းသုံးဦး ပါဝင်သောကော်မတီက ချိတ်ပိတ်အမှတ်စာရင်းများကို ဖွင့်ဖောက်၍ ဆုရရှိသူများကို အတည်ပြုရွေးချယ်လျက်ရှိပြီး ဆုတစ်ဆုအတွက် ပုဂ္ဂိုလ်နှစ်ဦး (သို့) နှစ်ဦးထက်ပိုပြီး အမှတ်တူညီနေပါက ၎င်းဖွင့်ဖောက်ရေးကော်မတီဝင်သုံးဦးရှေ့တွင် ယင်းဆုနှင့် သက်ဆိုင်သော မူလအကဲဖြတ်အဖွဲ့ဝင်ငါးဦးအား လျှို့ဝှက်မဲပေးစေ၍ ဆုရရှိသူကို ရွေးချယ်ရမည်ဟု သတ်မှတ်ထားကြောင်းလည်း သိရသည်။

ထူးချွန်ဆုချီးမြှင့်ပွဲနီးလာပါက မီဒီယာများနှင့် သီးသန့်



ထပ်မံတွေ့ဆုံသွားမည်ဖြစ်ပြီး ထူးချွန်ဆုပေးရန် ဇာတ်ကားရွေးချယ်ခြင်းဆိုင်ရာ၊ ထူးချွန်ဆုပေးအပ်မှု၊ ပွဲပုံစံနှင့်လူဦးရေ၊ အခမ်းအနားပြင်ဆင်မှု၊ ဆုအရည်အသွေးနှင့် ထောက်ပံ့မှုစသောမြန်မာနိုင်ငံရုပ်ရှင် ထူးချွန်ဆုအခမ်းအနားနှင့် သက်ဆိုင်သည့် အချက်အလက်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သတင်းမီဒီယာများထံ ပေးဝေခဲ့ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# (၂၁) ရာစု ပညာရေးရည်မှန်းချက်ကတော့ ပညာအရည်အသွေး အာမခံချက်ရှိတဲ့ ပညာရေးရရှိဖို့နဲ့ မိမိကိုယ်မိမိ ရပ်တည်နိုင်တဲ့ ကျောင်းသူ ကျောင်းသားတွေဖြစ်ဖို့ အရေးကြီးပါတယ်

ဒေါက်တာ ကျော်ကျော်ခေါင် (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်)

## တက္ကသိုလ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းသာယာသော သင်ယူမှုဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေး ပညာရေးစကားဝိုင်း ကျင်းပ

**တက္ကသိုလ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းသာယာသော သင်ယူမှုဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေး ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကျော်ကျော်ခေါင်၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်နိုင်၊ မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မိုးပွင့်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ပါမောက္ခချုပ် (တာဝန်) ဒေါက်တာ အောင်ဝင်းနှင့် တောင်ငူပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည် -**



**အစီအစဉ်မှူး ။ ။ တက္ကသိုလ်များမှာ ကျောင်းသား ကျောင်းသူတွေ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပညာသင်ကြားရေး ဘာကြောင့်လိုအပ်သလဲဆိုတာ ဆွေးနွေးပေးစေလိုပါတယ်ရှင့်။**

**ဒေါက်တာမောင်မောင်နိုင် ။ ။** ကျွန်တော် တို့ မြန်မာနိုင်ငံ မှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်း ၁၇၄ ကျောင်းရှိပြီး ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်မှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်း ၁၃၄ ကျောင်းရှိပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အဆင့်မြင့်ပညာသင်ကြားလိုတဲ့ ကျောင်းသူ ကျောင်းသားတွေဟာ တက္ကသိုလ်တစ်ခုခုကို တက်ရောက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ တက္ကသိုလ်တွေမှာ အတတ်ပညာ၊ အသိပညာတွေကို ရှာဖွေလေ့လာသင်ယူကြတဲ့အခါ ပညာပတ်ဝန်းကျင်ကောင်းရှိဖို့ လိုတဲ့အထဲမှာ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပညာသင်ကြားနိုင်ဖို့ဟာလည်း အရေးကြီးတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ အဲဒီလို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပညာသင်ကြားနိုင်အောင် ဘာတွေ လုပ်ဆောင်ပေးသင့်ပါသလဲ။**

**ဒေါက်တာကျော်ကျော်ခေါင် ။ ။** အခြေခံ ပညာအထက် တန်းအောင်ပြီးလို့ရှိရင် တက္ကသိုလ်အသီးသီးကို တက်ရောက်ပြီးမှ အဆင့်မြင့်ပညာသင်ကြားကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် မိမိတို့ တက်ရောက်သင်ကြားကြမယ့် တက္ကသိုလ်နယ်မြေ အသီးသီးဟာ သာယာချမ်းမြေ့ ပျော်ရွှင်ဖွယ်ကောင်းတဲ့ နယ်မြေတွေဖြစ်ဖို့ လိုအပ်ပါတယ်။ (၂၁) ရာစု ပညာရေးရည်မှန်းချက်ကတော့ Quality education၊ ပညာအရည်အသွေး အာမခံချက်ရှိတဲ့ ပညာရေးရရှိဖို့ ကျောင်းသူ ကျောင်းသားတွေဟာဆိုရင် အဓိကရည်မှန်းချက်က ကျောင်းသူ ကျောင်းသားတွေဟာ ဘဝတစ်သက်တာမှာ လေ့လာနိုင်တဲ့ Life Long Learner Skills မိမိကိုယ်မိမိ ရပ်တည်နိုင်တဲ့ ကျောင်းသူ ကျောင်းသားတွေဖြစ်ဖို့ အရေးကြီးပါတယ်။ အဲဒီလို အလေ့အကျင့်တွေကို တက္ကသိုလ်နယ်မြေမှာ ပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်နယ်မြေအနေနဲ့ အဓိကအရေးကြီးတဲ့ Function လုပ်ငန်းဆောင်တာ နှစ်ခုလုပ်ပါတယ်။ နံပါတ် (၁) အချက်ကတော့ ပညာရပ်ဆိုင်ရာ သင်ကြားပို့ချခြင်းနဲ့ နံပါတ် (၂) အချက်ကတော့ အဲဒီပညာရပ်ဆိုင်ရာ သင်ကြားပို့ချခြင်းကို အထောက်အကူပြုစေမယ့် စာသင်ခန်းပြင်ပ extra (သို့မဟုတ်) Co-Curriculum Activities ဖြစ်ပါတယ်။ ပညာရပ်ဆိုင်ရာ Activities တွေ လှုပ်ရှားမှုတွေအနေနဲ့ကတော့ စာသင်ခန်းအတွင်းမှာ ဆရာ ဆရာမတွေသင်ကြားမှု၊ ဓာတ်ခွဲခန်းအသုံးချမှု၊ သင်ထောက်ကူပစ္စည်းတွေကို ထိရောက်စွာအသုံးပြုမှု၊ အဓိကကတော့ (၂၁) ရာစုမှာ အလွန်အရေးကြီးတဲ့ ဆက်သွယ်ရေးစနစ်တစ်ခုဖြစ်တဲ့ အင်တာနက်ကို လက်လှမ်းမီနိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီအင်တာနက်ကို လက်လှမ်းမီနိုင်ဖို့အတွက် အရေးကြီးတဲ့ သင်ထောက်ကူပစ္စည်းဖြစ်တဲ့ စာကြည့်တိုက်တွေ၊ Wi-Fi Access တွေ ရရှိဖို့ လိုအပ်ပါတယ်။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့ ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကျောင်းသူ ကျောင်းသားတွေဟာ စာသင်ခန်းထဲမှာ သင်ကြားရုံမလုံလောက်တော့ပါဘူး၊ မိမိသင်ကြားထားတဲ့ စာသင်ခန်းထဲက ဗဟုသုတတွေကို ပွားများနိုင်ဖို့အတွက် အင်တာနက်တွေ၊ စာကြည့်တိုက်တွေ အသုံးပြုပြီးတော့မှ ဗဟုသုတကို ကျယ်ပြန့်အောင်လုပ်ရပါတယ်။

### စာသင်ခန်းပြင်ပလှုပ်ရှားမှု

ဒါနဲ့တစ်ပြိုင်နက်တည်း Campus Life မှာ ပျော်ရွှင်နိုင်ဖို့အတွက် Campus သာယာဝပြောဖို့အတွက် ဘာတွေလုပ်ပေးရသလဲဆိုတော့ သူတို့ စာသင်ခန်းပြင်ပ လှုပ်ရှားမှုတွေဖြစ်တဲ့ အားကစားပွဲတို့၊ အနုပညာဆိုင်ရာလှုပ်ရှားမှုတို့၊ တခြား လူမှုရေးဆိုင်ရာ လှုပ်ရှားမှုတွေကို လုပ်နိုင်ဖို့ ကျွန်တော်တို့ ဖန်တီးပေးရပါတယ်။ အားကစားပွဲတွေမှာဆိုရင် နှစ်စဉ်နှစ်တိုင်း ကျွန်တော်တို့ အဆင့်မြင့်ပညာဦးစီးဌာနနဲ့ ပါမောက္ခချုပ်များကော်မတီ အားကစားလုပ်ငန်းအဖွဲ့က ဦးဆောင်ပြီးတော့မှ အားကစားပြက္ခဒိန်ကို ရေးဆွဲပြီးတော့ အားကစားပြက္ခဒိန်အတိုင်း ဆောင်ရွက်စေပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ASEAN University Games (၁၉) ကြိမ်မြောက်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ အဲဒီမှာ ခုနက ဆရာကြီး ဦးမောင်မောင်နိုင် အမိန့်ရှိသွားသလိုပဲ ကျောင်းပေါင်း ၁၃၄ ကျောင်းက ကျောင်းသူ ကျောင်းသားတွေက အားကစားသမားတွေအဖြစ် သော်လည်းကောင်း၊ Liaison Officer အဖြစ် သော်လည်းကောင်း ဝင်ရောက်ပြီးတော့မှ နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့ကြပါတယ်။ အဲဒီအတွက် အားကစားရုံတွေဟာလည်း တက္ကသိုလ်နယ်မြေ အသီးသီးမှာ ရှိဖို့လိုအပ်ပါတယ်။ နောက်တစ်ခု အားကစားရုံတွေအပြင် အနုပညာအသင်းတွေ ဖွံ့ဖြိုးဖို့ ဆရာတို့တက္ကသိုလ်မှာဆိုရင် အနုပညာအသင်းတွေနဲ့ အနုပညာသီချင်းဆိုပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲတွေကို ဆောင်ရွက်ပေးပါတယ်။ ဒါကလည်း သူတို့ရဲ့ မိမိသင်ကြားထားတဲ့ ပညာရပ်ပေါ်မှာ အခြေခံပြီးတော့ သူတို့ရဲ့ တီထွင်ဖန်တီးနိုင်စွမ်းတွေကို အလေ့အကျင့်လုပ်ပေးတာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးအတွက် သူတို့ဟာ ကရာတေးကိုယ်ခံပညာသင်ကြားမှု၊ မြန်မာသိုင်းသင်ကြားမှု ဒါတွေလည်း ကျွန်တော်တို့ ဆောင်ရွက်ပေးရပါတယ်။

နောက်တစ်ခု အရေးကြီးတဲ့ အလုပ်ကတော့ လူမှုရေးဆောင်ရွက်မှုတွေ ဖြစ်ပါတယ်။ လူမှုရေးဆောင်ရွက်မှုတွေမှာ ကျောင်းသားတွေ လောလောဆယ်မှာ သူတို့ ပျော်ပျော်ရွှင်ရွှင် လုပ်ဆောင်နေကြတဲ့ အချက်တစ်ခုကတော့ ဘာလဲဆိုတော့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဦးစီးတဲ့ ကြက်ခြေနီအသင်းသွေးလှူတာတို့၊ လုပ်အားပေးတာတို့ လုပ်ပါတယ်။ နောက်ပြီးတော့ တစ်ခါ တက္ကသိုလ်အရန်တပ်ရင်း၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်က ကျောင်းသူ ကျောင်းသားများကလည်း တက္ကသိုလ်နယ်မြေ ဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အားနဲ့ ပါဝင်ဆောင်ရွက်ကြပါတယ်။ နောက်တစ်ခုကတော့ ကျောင်းသူ ကျောင်းသားတွေ နှစ်ပေါင်း ၆၀ ကျော် အဆက်ပြတ်နေပြီးတော့ အခုမှ ပါဝင်ဖွဲ့စည်းတဲ့ ကင်းထောက်လူငယ်မောင်မယ်များ ဖြစ်ပါတယ်။ ကင်းထောက်လူငယ်မောင်မယ်များကဆိုရင်လည်း တက္ကသိုလ်နယ်မြေ သာယာဝပြောရေးအတွက် အဘက်ဘက်ကနေ သူတို့ပါဝင်ကူညီနေပါတယ်။ ဒီလို ပါဝင်ကူညီနေချိန်ကို ကျွန်တော်တို့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ပါမောက္ခချုပ်တွေနဲ့ ဆရာ ဆရာမတွေက သူတို့ကို ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။ အဲဒီတော့ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာရော သာယာဝပြောတဲ့ နယ်မြေအဖြစ် ဖြစ်ဖို့ဟာဆိုရင် ပါမောက္ခချုပ်တစ်ယောက်တည်းနဲ့ လုပ်လို့မရပါဘူး။ ပါမောက္ခချုပ်ရော ကျောင်းသူ ကျောင်းသားတွေရော၊ ဆရာ၊ ဆရာမတွေရော၊ သက်ဆိုင်ရာ ဝန်ကြီးဌာန ပံ့ပိုးမှုတွေရော လိုအပ်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော် တင်ပြချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ တက္ကသိုလ်တစ်ခုရဲ့ဂုဏ်ရည်နှင့်ညီအောင် ဘယ်လိုမျိုး ဆောင်ရွက်ပေးရပါမလဲရှင့်။**

**ဒေါက်တာမောင်မောင်နိုင် ။ ။** တက္ကသိုလ်တစ်ခု ဒီဂုဏ်ရည်နဲ့ ညီအောင်ဆိုရင် ဒီတက္ကသိုလ်တွေမှာ လမ်းညွှန်မြေပုံ ရှိရပါမယ်။ နောက်တစ်ခါ ကျွန်တော်တို့ Master Plan ရှိရပါမယ်။ ဘယ်နေရာမှာဖြင့် စာကြည့်တိုက်ဆောက်မယ်၊ ဘယ်နေရာမှာဖြင့် ဘွဲ့နှင်းသဘင်ခန်းမဆောက်မယ်၊ စာသင်ဇုန်တွေက ဘယ်နားမှာထားမယ်၊ ဝန်ထမ်းအိမ်ရာတွေ ဘယ်မှာထားမယ်။ ဈေးဆိုင်ခန်းတွေက ဘယ်မှာရှိမယ်။ အဲဒါတွေ စသည်ဖြင့်ပါ။ ဒါတွေကို ကျွန်တော်တို့ Master Plan ရေးဆွဲထားရပါမယ်။ ပြီးတဲ့အခါကျရင် ဒီကျောင်းရဲ့ လိုအပ်ချက်အရ လိုအပ်တာတွေ တောင်းဖို့အတွက် Plan ရေးဆွဲရပါမယ်။ အရေးကြီးတာတွေ ဘယ်အရာကို ဦးစားပေးမယ်၊ ဘယ်ဟာကိုတော့ နောက်မှလုပ်မယ်၊ ဒါမျိုးတွေ အတွက်ကို ကျွန်တော်တို့က Budget Plan ရေးဆွဲရပါမယ်။ ပြီးရင် ဝန်ကြီးဌာနကို တင်ပြပြီးတဲ့အခါကျတော့ ဘဏ္ဍာငွေခွဲဝေချထားမှုပေါ်မူတည်ပြီး ဦးစားပေးအလိုက် ဆောင်ရွက်ရတာတွေကို ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာကြီး ကျော်ကျော်ခေါင်တို့ကျောင်းမှာရော ကျောင်းသား ကျောင်းသူတွေ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပညာသင်ကြားရေးအတွက် ဘာတွေဆောင်ရွက်ထားသလဲဆိုတာကို ဆွေးနွေးပေးပါရှင့်။**

**ဒေါက်တာကျော်ကျော်ခေါင် ။ ။** နှစ်စဉ် နှစ်တိုင်း ကျွန်တော် တို့ တက္ကသိုလ်နယ်မြေကြီး သာယာဝပြောရေးအတွက် စည်ပင်ဖွံ့ဖြိုးဖို့အတွက် ဆရာ ဆရာမတွေနဲ့၊ ကျောင်းသူ ကျောင်းသားတွေနဲ့ လက်တွဲလုပ်ဆောင်တာတွေ နောက်ပြီးတော့ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းအသီးသီးနဲ့ လူမှုရေးအဖွဲ့အစည်းအသီးသီးက ပါဝင်ဆောင်ရွက်မှုတွေ ရှိပါတယ်။ ကျွန်တော်တို့ အထင်ကရပြောရမယ်ဆိုရင်တော့ တက္ကသိုလ်နယ်မြေကြီး ဥပဓိရုပ်ကောင်းမွန်ရေးအတွက် အရေးအကြီးဆုံးကတော့ တက္ကသိုလ်နယ်မြေ စိမ်းလန်းသာယာဖွံ့ဖြိုးရေးအတွက် ဖြစ်ပါတယ်။ ဒါကြောင့်မို့ နှစ်စဉ် ကျွန်တော်တို့ မိုးရာသီ ဇွန်လရောက်တိုင်း ဇွန်လဆိုရင်တော့ ဒုတိယနှစ် စာသင်နှစ်ဝက် ဖြစ်ပါတယ်။ ဒုတိယစာသင်နှစ်ဝက်မှာ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂနဲ့ လူမှုရေးအဖွဲ့အစည်း၊ ကင်းထောက်လူငယ်တွေ တက္ကသိုလ်လေ့ကျင့်ရေးတပ်တွေ၊ ကြက်ခြေနီတပ်ဖွဲ့တွေ စုပေါင်းပြီးတော့မှ ကျောင်း Campus ကို သန့်ရှင်းရေးလုပ်တာတို့၊ သင်ပင်စိုက်တာတို့ Campus identity ကောင်းအောင် လုပ်တာတွေပါ။

နောက်တစ်ခု စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ဖို့အတွက် အနုပညာအသင်းလှုပ်ရှားမှုတွေ၊ ကျောင်းသားသမဂ္ဂကဆိုရင် Dance Club တွေ လုပ်ပါတယ်။ Music Club တွေ လုပ်ပါတယ်။ Dance Club, Music Club တွေမှာဆိုရင် နိုင်ငံ့ဂုဏ်ဆောင် ဂီတပညာရှင်တွေ၊ အဆိုတော်တွေ လာပြီးတော့မှ သင်ကြားပေးပါတယ်။ အဲဒီမှာ ကလေးတွေ တော်ကြပါတယ်။ နိုင်ငံ့ဂုဏ်ဆောင် ပညာရှင်တွေကို သူတို့ရအောင်ဆက်သွယ်ပြီး တက္ကသိုလ်နယ်မြေထဲ ခေါ်လာပြီးတော့မှ ကျောင်းသားတွေ စိတ်ဓာတ်တက်ကြွအောင် Guitar Club ဟာ ဆိုရင် တော်တော်များများ စာသင်ချိန်ပြီးဆုံးသွားတဲ့အချိန်မှာ သူတို့တီးခတ်နေကြတာ ကျွန်တော် ပျော်ရွှင်ဖွယ်ရာ တွေ့ရှိရပါတယ်။

နောက်ပြီးတော့ ကိုယ်ခံပညာအသင်းတွေဆိုရင်လည်း ညနေခင်းစာသင်ချိန်ပြီးတာနဲ့ တစ်ပြိုင်တည်း ကိုယ်ခံပညာလှုပ်ရှားမှုတွေ လုပ်ကြပါတယ်။ နောက်ပြီးတော့ စစ်တုရင်အသင်း၊ ပန်းချီအသင်း စသည်ဖြင့်ပေါ့၊ ဒါကြောင့်မို့ Campus သာယာဝပြောဖို့ဆိုတာ identity ကောင်းရုံနဲ့ မဖြစ်ပါဘူး။ ကျောင်းသူ ကျောင်းသားနဲ့ ဆရာ ဆရာမတွေ ညီညီညွတ်ညွတ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဟန်ချက်ညီညီ ဖွံ့ဖြိုးဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း ကျွန်တော်ပြောလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာမကြီးဒေါက်တာမိုးပွင့်တို့ ကျောင်းမှာရော ကျောင်းသား ကျောင်းသူတွေကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပညာသင်ကြားနိုင်ဖို့အတွက် ဘယ်လိုမျိုးတွေ ဆောင်ရွက်ထားလဲဆိုတာ ဆွေးနွေးပေးပါဦးရှင့်။**

**ဒေါက်တာမိုးပွင့် ။ ။** သင်ကြားတဲ့နေရာမှာ နည်းပညာအထောက်အကူပြုတဲ့ သင်ကြားနည်းစနစ်ကို အသုံးပြုပါတယ်။ အဲဒါကို Learning Management System လို့ ခေါ်ပါတယ်။ Learning Management System ကနေပြီးတော့လည်း ကျောင်းသား ကျောင်းသူတွေဟာ သင်ခန်းစာတွေကို ရယူနိုင်ပါတယ်။ ဆရာ ဆရာမတွေကလည်း Learning Management System ပေါ်မှာပဲ သင်ခန်းစာတွေကို ပြင်ဆင်ရပါတယ်။ အဲ့ဒီ Learning Management System ကနေ အကဲဖြတ်စစ်ဆေးမှုစနစ်တွေကို လုပ်ပါတယ်။ Information တွေကိုလည်း Share လုပ်ပါတယ်။

**“နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ တက္ကသိုလ်တွေမှာ အတတ်ပညာ၊ အသိပညာတွေကို ရှာဖွေလေ့လာသင်ယူကြတဲ့အခါ ပညာပတ်ဝန်းကျင်ကောင်းရှိဖို့ လိုတဲ့အထဲမှာ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပညာသင်ကြားနိုင်ဖို့ဟာလည်း အရေးကြီးတာ ဖြစ်ပါတယ်”**

*စာမျက်နှာ ၁၁ သို့*

## မန်းရွှေစက်တော်ဘုရားပွဲတော်မတိုင်မီ သုံးမိုင်လမ်းအား ၂၀၄ ဒသမ ၉ သန်းအကုန်အကျခံကာကတ္တရာလမ်းသစ်ခင်း

**မင်းဘူး ဇန်နဝါရီ ၁၂**

မန်းရွှေစက်တော် ဘုရားပွဲတော်ကာလတွင် ဘုရားဖူးလာပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန်အတွက် ပျက်စီးနေသည့် သုံးမိုင်လမ်းအား ဘုရားပိုင်ငွေ ၂၀၄ ဒသမ ၉ သန်းကျပ် အကုန်အကျခံကာကတ္တရာခင်းခြင်းလုပ်ငန်းကို ပွဲတော်ချိန်မတိုင်မီ ပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရားသို့ သွားသည့် သုံးမိုင်လမ်းသည် လမ်းအပေါက်များ၍ ပျက်စီးနေသည့်အတွက် ပြုပြင်ရခြင်းဖြစ်ပြီး ပွဲတော်မတိုင်မီ ပြီးစီးရန်အတွက် မင်းဘူးခရိုင် လမ်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ မန်းရွှေစက်တော် သုံးမိုင်အသွား/အပြန်လမ်းတစ်ဖက်စီကို ၁၅ ပေအကျယ် ကတ္တရာခင်းမည်ဟု သိရပြီး အရည်အသွေးကောင်းသည့် ကျောက်များရစေရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးနှင့် တာဝန်ကျ ဂေါပကအဖွဲ့များမှလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သုံးမိုင်လမ်းသည် ၂၀၀၄ ခုနှစ်က တင်ဒါအောင်ခဲ့သည့် ကောင်းမွန်ကုမ္ပဏီမှ ဘုရားပိုင်ငွေကျပ် သန်း ၇၄၀ ဖြင့် တာဝန်ယူကာခင်းခဲ့သည့် လမ်းဖြစ်ပြီး ပျက်စီးလာသည့်အတွက် ပြန်လည်ပြုပြင်ခြင်း ဖြစ်သည်။ ယခုအခါ အဆိုပါ သုံးမိုင် အသွား/အပြန်လမ်းကို လေ့တင် တံတားချဉ်းကပ်လမ်းမှစ၍ လုပ်ငန်းစတင်ဆောင်ရွက်နေပြီး လုပ်ငန်းကြာချိန် တစ်လသတ်မှတ်ထားသည်။ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဘုရားပိုင်ငွေကျပ် ၂၀၄ ဒသမ ၉ သန်း အကုန်အကျခံကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မန်းရွှေစက်တော်ရာဘုရားသို့ ဘုရားဖူးများလာရာတွင် သုံးမိုင်လမ်းနှင့် ရှစ်မိုင်လမ်းတို့မှ လာရောက်ဖူးမြော်နိုင်ပြီး ရှစ်မိုင်လမ်းမှာ လမ်းကျဉ်းပြီး အတက်အဆင်းကြမ်းသဖြင့် ဘုရားဖူးပြည်သူများမှာ သုံးမိုင်လမ်းကိုသာ သွားလာမှုများသည့်အတွက် ဘုရားပွဲတော်မတိုင်မီ ပြီးစီးရန် ပြင်ဆင်ခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကဥက္ကဋ္ဌ ဦးအောင်သိန်းထံမှ သိရသည်။ ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော် ဖွင့်ပွဲကို မြန်မာနှစ် ၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၅ ရက် (ဖေဖော်ဝါရီ ၉ ရက်) တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**



## လားရှိုးမြို့၌ လူထုအခြေပြုဗဟိုဌာန အဆောက်အအုံမြေသန့်မင်္ဂလာအခမ်းအနားကျင်းပ

**လားရှိုး ဇန်နဝါရီ ၁၂**

လားရှိုးမြို့ လမ်းမတော်လမ်း ရပ်ကွက်(၃)ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အဆောက်အအုံမြေသန့်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနား၌ ပင့်ဖိတ်ထားသော သံဃာတော်အရှင်သူမြတ်တို့မှ ဓလေ့ထုံးစံအတိုင်း ရွတ်ဖတ်မေတ္တာပွားများကြသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အဆောက်အအုံကို လုပ်ငန်းတင်ဒါအောင်မြင်သော မြန်မာ့ကြယ်စင်လင်းကုမ္ပဏီမှ ဦးရောလင်း (အုပ်ချုပ်မှုဒါရိုက်တာ)က တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး ၄၁ ပေ ၊ ၆၆ ပေရှိ ခြောက်ထပ် အာစီအဆောက်အအုံနှင့် လားရှိုးမြို့ထင်းရှူးမြိုင်အိမ်ရာ၌ ၃၉ ပေ၊ ၉၅ ပေ အာစီနှစ်ထပ် ဝန်ထမ်းအိမ်ရာတို့ကို အဆောက်အအုံဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုပြီးချိန်မှစ၍ တစ်နှစ်ခန့် အချိန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ပညာရေးစုံညီပွဲတော်များ အနယ်နယ်အရပ်ရပ်၌ ကျင်းပ

**လောက်ကိုင်**

ကျောင်းနေပျော်၍ စာတော်ရမည်ဟူသော စကားအတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများအားလုံးတွင် ပညာရေးစုံညီပွဲတော်များ ကျင်းပလျက်ရှိရာ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က အမှတ်(၂) တပ်မတော် အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ကိုးကန့်ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများက တာဝန်ကိုယ်စီ သီချင်းနှင့် အခမ်းအနားဖွင့်လှစ်ခဲ့သည်။ ဆက်လက်ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာအလိုက် ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လောက်ကိုင်(ပြန်/ဆက်)**



၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲကို ဇန်နဝါရီ ၁၀ ရက်က ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားဗေလုနှင့် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

**ဟိုပင်**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ကြာကြီးကွင်းကျေးရွာအုပ်စု ငါးမိုင်ကျေးရွာအလကခွဲကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၁ ရက်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသောင်းဌေး၊ ကျောင်း မိသားစုအထက စက်ကုန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးငြိမ်းကျော်နှင့် အငြိမ်းစားဆရာကြီး ဦးသန်းညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက စုံညီပွဲတော် ဒို့နွဲပျော် သီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ ဒုတိယမြို့နယ် ပညာရေးမှူး ဦးသောင်းဌေးနှင့် ကျောင်းမိသားစု အထက စက်ကုန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီအောင်တို့က အမှာစကားပြောကြားကြပြီး အလကခွဲ ငါးမိုင်ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုးတိုးမေ(ဟိုပင်)**

**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါ ကျောင်းဝင်းအတွင်း ယာယီမဏ္ဍပ်၌ ကျောင်းသူကျောင်းသားများက လောကအားမာန်သီချင်း သီဆို၍ စတင်ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်ပညာ ရေးမှူး ဦးခိုင်ထွန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ပြိုင်ပွဲများနှင့် ကျောင်းတွင်းပြိုင်ပွဲများမှ ကာယ၊ ဉာဏဆုရ ကျောင်းသား ကျောင်းသူများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြပြီး ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

## လောက်ကိုင်မြို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ အသက်(၈၅)နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့

**လောက်ကိုင် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့၌ ဇန်နဝါရီ ၁၁ ရက်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန် ဦးဆောင်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်ကျော်နှင့် တာဝန်ရှိသူများသည် လောက်ကိုင်မြို့ပေါ် ရပ်ကွက်-၁၊ ၂၊ ၃ အတွင်းရှိ ဘိုးဘွား ၁၀ ဦးနှင့် ထင်ပါကျိုင်းကျေးရွာအုပ်စု နားပန်ကျေးရွာရှိ ဘိုးဘွားတစ်ဦး စုစုပေါင်း ၁၁ ဦး၊ လူမှုဝန်ထမ်း ဦးစီးဌာန (ရုံးချုပ်)မှ ပေးအပ်သော လူမှုရေးပင်စင် တစ်ဦးလျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ် ပထမလေးလပတ်အတွက် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလ) ထောက်ပံ့ငွေကျပ်သုံးသောင်းစီဖြင့် ဘိုးဘွားဦးရေ ၂၀၀ အတွက် (၆၀၀၀၀၀၀ိ/-) နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်မှ ကြက်ဥ ၁၀ လုံးစီဖြင့် ဘိုးဘွားဦးရေ ၂၀၀ အတွက် ကြက်ဥအလုံး ၂၀၀၀ အိမ်အရောက်သွားရောက် ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့သွားရောက်ပေးအပ်ရာတွင် ရပ်ကွက်-၂ မှ အသက်(၉၃) နှစ်ရှိ ဘိုးဘွားတစ်ဦးက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် အိမ်သို့လာရောက်ထောက်ပံ့ပေးသည့်အတွက် အထူးကျေးဇူးတင်ကြောင်း ပြောကြားပြီး သက်ကြီးဘိုးဘွားများအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌက ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပါ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ဒါက Learning Management စနစ်ပါ။ ဒီစနစ်တွေအပြင် စာကြည့်တိုက်တွေ၊ Digital Library တွေကိုလည်း ဆရာမတို့က ပံ့ပိုးထားပါတယ်။ ကလေးတွေ Library ကို သွားနိုင်အောင်လည်း လုပ်ပေးထားပါတယ်။

နောက်တစ်ခုက ကျောင်းသား ကျောင်းသူတွေဟာ တက္ကသိုလ်က သင်ယူပြီးသွားရင် အလုပ်အကိုင်အခွင့်အလမ်းရနိုင်ဖို့ လိုအပ်တာကြောင့် Job Fair, Career Fair တွေ လုပ်ပါတယ်။ ပြင်ပကနေပြီးတော့ ပညာရှင်တွေလာပြီး အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်သက်တာတွေ၊ သူတို့ရဲ့ experience တွေကို လာပြီး Share လုပ်ကိုင်တဲ့ Seminar တွေလည်း လုပ်ပေးပါတယ်။ အဲဒီလိုမျိုး လုပ်ပေးတဲ့အပြင် စာသင်ခန်းတွေမှာ Learning Management System ကို သုံးတဲ့အတွက် Computer, Projector တို့ သုံးတာကြောင့် ကျောင်းမှာ လျှပ်စစ်မီးမပြတ်တောက်ရေးအတွက် အရန်မီးစက်တွေကို အလိုအလျောက် မောင်းနှင်အသုံးပြုနိုင်အောင်လည်း တက္ကသိုလ်မှာ ပံ့ပိုးပေးထားပါတယ်။ နောက်တစ်ခုက ဝန်ကြီးဌာနရဲ့ ပံ့ပိုးမှု၊ ခွင့်ပြုမှုနဲ့ လုံခြုံရေးကော်မတီကို ဌားရမ်းပြီး ၂၄ နာရီလုံခြုံရေးကို စောင့်ကြပ်ထားရှိပါတယ်။ တက္ကသိုလ်အနေနဲ့ လောလောလတ်လတ်မှာ ပံ့ပိုးပေးနိုင်တာအချို့ကို ပြောပြတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ တက္ကသိုလ်တစ်ခုမှာ ကျောင်းသား ကျောင်းသူတွေ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပညာသင်ကြားဖို့အတွက် ဘာတွေလိုအပ်မလဲဆိုတာ ဆရာမကြီးရဲ့ အမြင်သုံးသပ်ချက်လေး ဆွေးနွေးပေးပါဦးရှင်။**

**ဒေါက်တာမိုးပွင့်** ။ ။ ဟုတ်ကဲ့ပါရှင်။ ကျွန်မ တက္ကသိုလ်ဆိုရင် မန္တလေးမြို့နဲ့ ၁၄ မိုင်လောက် ဝေးပါတယ်။ မြို့ထဲက ကျောင်းသား ကျောင်းသူတွေဟာ နေ့တိုင်း ကျောင်းကားနဲ့ လာနေရပါတယ်။ တက္ကသိုလ်ကို လာတဲ့အခါမှာ ကျောင်းသား ကျောင်းသူတွေအတွက် အထူးသီးသန့်စီးနိုင်မယ့် Shuttle Bus လိုဟာမျိုး၊ ကျောင်းကားလိုဟာမျိုးတွေကို တိုင်းဒေသကြီးနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် မြို့တွင်းကမဟုတ်ဘဲ အနယ်နယ်အရပ်ရပ်ကလာတဲ့ ကျောင်းသား ကျောင်းသူတွေကို ထားရှိနိုင်ဖို့အတွက် အဆောင်တွေပေးဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတော်က ပံ့ပိုးထားတာတွေရှိပေမယ့် မလုံလောက်တဲ့အတွက်ကြောင့် ကျောင်းအနေနဲ့ ထပ်ပြီးတော့ ဘတ်ဂျက်တွေ လျာထားပြီး လုပ်ပေးရပါမယ်။ အဲဒီအဆောင်တွေနဲ့အတူ ကလေးတွေ နေထိုင်ရေး အဆင်ပြေစေဖို့အတွက် ရေ၊ မီး အဆင်ပြေဖို့ လိုအပ်ပါတယ်။ သူတို့ အဝတ်တွေ အလွယ်တကူလျှော်နိုင်တဲ့ စနစ်မျိုးဖြစ်အောင် ပံ့ပိုးပေးဖို့လည်း လိုအပ်တယ်လို့ ထင်ပါတယ်။ သူတို့ နေ့စဉ်အသုံးပြုဖို့ လိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ဖို့အတွက် Mini Mart လိုမျိုးလေးတွေ အလွယ်တကူထားဖို့ လိုပါတယ်။ ကျန်းမာရေးအနေနဲ့ မကျန်းမာတဲ့အခါ သွားလို့ရနိုင်တဲ့ ဆေးခန်းလေးတွေ ရှိဖို့လိုပါတယ်။ သူတို့ရဲ့စာသင်ကြားရေးတင်မကဘဲ စိတ်ခွန်အားတွေ ဖြည့်နိုင်ဖို့အတွက်နဲ့ ကျန်းမာရေးကောင်းဖို့အတွက် အားကစားရုံတွေလည်း ရှိဖို့လိုပါတယ်။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာ ဒီလိုမျိုးတွေ ပံ့ပိုးပေးနိုင်တဲ့ အရာတွေရှိပေမယ့် မရှိနိုင်သေးတဲ့ တက္ကသိုလ်တွေ အများကြီးရှိနေတဲ့အတွက်ကြောင့် နှစ်အလိုက် ဘတ်ဂျက်တွေ လျာထားပြီးတော့ မိုးလုံလေလုံအားကစားရုံတွေရအောင်၊ Music Club တွေဖွဲ့ဖို့ နေရာတွေ ရှိလာအောင်လည်း တက္ကသိုလ်တွေမှာ ပံ့ပိုးဖို့ လိုအပ်နေပါတယ်။

**သတင်းအဖွဲ့**

*(ဆက်လက်ဖော်ပြပါမည်)*

# ခေတ်ပြိုင်ပန်းချီပြပွဲ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ဖွင့်လှစ်ပြသ

**ရန်ကုန် ဇန်နဝါရီ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ကြီးမှူးကျင်းပသော "ခေတ်ပြိုင်ပန်းချီပြပွဲ" (Contemporary-17 Art Exhibition) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ပြတိုက်ဟုဆိုရာတွင် ပစ္စည်းများစုဆောင်းပြသသကဲ့သို့ ပညာဖြန့်ဖြူးပေးသည့် နေရာလည်းဖြစ်ကြောင်း၊ No Collection is death Museum ဟုဆိုနိုင်ကြောင်း၊ ပြတိုက်ပစ္စည်းများစုဆောင်းရေးမူဝါဒအရ သမိုင်းဝင်သောပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများ၊ အနုပညာလက်ရာမြောက်သော ပစ္စည်းများကိုသာ စုဆောင်းပြသထားခြင်းဖြစ်ကြောင်း၊ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပန်းချီအထူးပြပွဲများ ပြုလုပ်ပြသခဲ့သည်မှာ ယခု Contemporary 17 Art ပွဲအပါအဝင် ပန်းချီပွဲများကို လေးကြိမ်တိုင် ကျင်းပနိုင်ခဲ့ကြောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ပန်းချီရေးဆွဲခြင်းအတတ်ပညာကို ခင်းကျင်းပြသခြင်းကြောင့် ယခုကဲ့သို့ ပြပွဲများသည်လည်း အထူးအရေးပါသည့် ကဏ္ဍတွင်ရှိကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပန်းချီပညာရှင်ကြီးများကိုယ်စား ပန်းချီဆရာ ဦးဌေးအောင်က "အခု ပန်းချီဆရာ ၁၇ ဦးပါဝင်တဲ့ ပန်းချီပြပွဲအပါအဝင် ပြပွဲတွေကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့လမ်းညွှန်မှုနဲ့ ပန်းချီဆရာတွေအပေါ် စေတနာထားကာ ပန်းချီပြပွဲတွေကို ဆက်တိုက်ကျင်းပပေးခဲ့တယ်။ ပန်းချီဆရာတွေဘက်ကလည်း ပြတိုက်ကြီးနဲ့ ထိုက်တန်တဲ့ ပန်းချီလက်ရာတွေကို ကြိုးစားရေးဆွဲခဲ့ကြတယ်။ မြန်မာပန်းချီဆရာတွေအနေနဲ့ အဆင့်အတန်းမြင့်တဲ့ လက်ရာတွေကို ကြိုးစားအားထုတ်ရင်း နိုင်ငံတကာဈေးကွက်ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ သွားရောက်ပြသပြီး အောင်မြင်နေတဲ့ ပန်းချီဆရာတွေလည်း ရှိနေပါတယ်။ ရှေးပန်းချီဆရာကြီးတွေရဲ့ပညာရပ်တွေကို မျိုးဆက်သစ်ပန်းချီ အနုပညာရှင်တွေကလည်း နိုင်ငံတော်ရဲ့ တစ်ထောင့်တစ်နေရာကနေ အင်အားတစ်ခုအနေနဲ့ ပြသနိုင်ဖို့ အဆင်သင့်ရှိနေပါတယ်"ဟု ဆိုသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပန်းချီဆရာကြီး ဦးဘိုးစော (တောင်ကြီး)၏ ၁၉၅၆ ခုနှစ်က ရေးဆွဲခဲ့သည့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ရှမ်းတိုင်းရင်းသားလူမျိုးများ၏ ပုံတူရေဆေးပန်းချီ ပုရပိုက်ပုံစံ ပန်းချီစာအုပ်လှူဒါန်းခဲ့သည့် အလှူရှင်နှင့် အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့အတွက် မြန်မာရေဆေးပန်းချီကားများ စုဆောင်းရန် ကူညီပေးခဲ့ကြသော ပန်းချီဆရာကြီးခြောက်ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြတိုက်အတွင်းရှိ ပြပွဲပန်းချီကားများကို လှည့်လည်ကြည့်ရှုကြသည်။

ပန်းချီပြပွဲသို့ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများ၊ ပန်းချီအနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မီဒီယာများ တက်ရောက်ကြသည်။

အဆိုပါပန်းချီပြပွဲကို ယနေ့မှ ဇန်နဝါရီ ၁၈ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်၊ ဓာတ်ပုံ- ရဲထွဋ်**



# ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIC အသင်း ဆက်လက်ဦးဆောင်

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ကျင်းပရာ ထိပ်ဆုံးမှ MIC အသင်း နိုင်ပွဲဆက်ခဲ့သည်။

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် MIC အသင်းသည် ၁၀ ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ပြီးခဲ့သည့် ပွဲစဉ်(၉)တွင် ရှုံးပွဲကြုံတွေ့ခဲ့သည့် VUC အသင်းမှာလည်း နိုင်ပွဲပြန်ရခဲ့သည်။ MIC အသင်းသည် ရွှေမြဝတီအသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်(၁၀) တွင် VUC အသင်းက PU အသင်းကို ၁၀ ဂိုး-ဂိုးမရှိ၊ MIC အသင်းက ရွှေမြဝတီအသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ AMM အသင်းက UPT အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ GV Athletic အသင်းက White Colour အသင်းကို ၁၃ ဂိုး-ဂိုးမရှိ၊ မြို့မအသင်းက ယူ-၁၉ အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး Titan XII အသင်းနှင့် Comrade အသင်းတို့ သုံးဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ်(၁၀) အပြီးတွင် MIC အသင်းက ရမှတ် ၃၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး VUC အသင်းက ၂၇ မှတ်၊ GV Athletic အသင်းနှင့် မြို့မအသင်းက ၁၈ မှတ်စီ၊ UPT အသင်းက ၁၅ မှတ်၊ ရွှေမြဝတီအသင်းနှင့် Comrade အသင်းက ၁၄ မှတ်စီ၊ AMM အသင်းက ၁၂ မှတ်၊ PU အသင်းက ၁၀ မှတ်၊ Titan XII အသင်းက ရှစ်မှတ်၊ ယူ-၁၉ အသင်းက ခြောက်မှတ်၊ White Colour အသင်းက လေးမှတ်ရထားသည်။ ပွဲစဉ်(၁၁) ကို ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

✤ *ကျောဖုံးမှ*

ရန်ကုန်အသင်းဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်၍ ဂိုးထပ်မရခြင်းဖြစ်သည်။ ဟံသာဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၉၀ တွင် မတ်ခ်ကပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ရှန်းကန်ခဲ့ရပြီး ဦးဆောင်ဂိုးရသော်လည်း နှစ်ဂိုးပြန်ပေးခဲ့ရသောကြောင့် နောက်မှ လိုက်ကစားခဲ့ရကာ ပယ်နယ်တီချေပဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် သီဟစည်သူ၊ နန္ဒကျော်၊ ရန်နိုင်ဦး၊ အောင်ရှိုးသာမောင်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး စစ်ကိုင်းအသင်းမှာလည်း နိုင်ငံခြားသားများအပါအဝင် လူစုံခဲ့သည်။ ၂၁ မိနစ်တွင် ရှမ်းအသင်း ဂိုးစရခဲ့ပြီး မေကွန်က သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသော်လည်း စစ်ကိုင်းအသင်း ကစားကွက်ပျက်မသွားဘဲ ၂၈ မိနစ်တွင် ကျော်စွာမင်းက ချေပဂိုးပြန်သွင်းကာ ၅၇ မိနစ်တွင် မျိုးမင်းဖြိုးက ဒုတိယဂိုးသွင်းယူခဲ့သည်။ ရှမ်းအသင်းသည် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့ပြီး မိနစ် ၈၀ တွင် ပယ်နယ်တီရခဲ့ကာ မေကွန်က အမှားအယွင်းမရှိကန်သွင်းခဲ့၍ နှစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။



**ရန်ကုန်အသင်းအတွက် တတိယဂိုးကို ဆယ်လာသွင်းယူနေစဉ်။** ဓာတ်ပုံ-စိုးညွှန့်

ပွဲစဉ်(၁) ဒုတိယနေ့ကို ဇန်နဝါရီ ၁၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် ဇွဲကပင်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ထားဝယ်မြို့သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးတွင် အထွေထွေရောဂါများ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်

**ထားဝယ် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးတွင် (၁၅)ကြိမ်မြောက် ကျန်းမာရေးအလှူတော်ကို သီတဂူဆရာတော်ကြီး၏ အစီအစဉ်ဖြင့် စစ်ကိုင်းသီတဂူဇီဝိတဒါနဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဇော်၊ ခွဲစိတ်အထူးကုသမားတော်ကြီး ဒေါက်တာမြသိန်းဟန်အဖွဲ့နှင့် အမေရိကန်နိုင်ငံမှ Aloha Medical Mission အဖွဲ့မှ Dr.Carl Lum ခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးဆောင်သောအဖွဲ့၊ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ ပူးပေါင်းကာ အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းသီတဂူဇီဝိတဒါနဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဇော် အထူးကုဆရာဝန်အဖွဲ့မှ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ကြိုတင်စမ်းသပ်ပေးမည်ဖြစ်ကာ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အခမဲ့ကုသလိုသည့်ဝေဒနာရှင်များအနေဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးဦးသော်လည်းကောင်း၊ ထားဝယ်မြို့ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအတွင်းရှိ သီတဂူအာရောဂျဒါနဆေးရုံတော်ရုံးခန်းတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ် တို့၏ကျန်းမာရေးအတွက် ဆရာတော်ကြီးနှင့်အတူ ကုသိုလ်ရှင်များက လိုအပ်သောဆေးဝါးနှင့် ဝေယျာဝစ္စအတွက် အလှူရှင်ငွေများကို သီတဂူဆေးရုံတော်နှင့် ထားဝယ် ကမ္ဘောဇဘဏ်စာရင်းအမှတ် - ၀၄၇၁၂၂၀၀၀၆၄၆၂ သို့ ထည့်သွင်း၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော်ကို ကျိုက္ကဆံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

"သွေးချင်းတို့ရဲ့ပွဲတော်ဆီ"ဟု အမည်ပေးထားသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်ကို မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးရှိ ကျိုက္ကဆံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် လည်းကောင်း၊ ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် ညနေ ၅ နာရီတွင်လည်းကောင်း အဆိုပါပွဲတော်ကျင်းပရာ ကျိုက္ကဆံကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

**မောင်မောင်မျိုး**

# ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်တွင် ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၈)ကြိမ်မြောက် ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်မြို့တော်ဝန်ဖလား ၂၀၁၉ ခုနှစ် (၁၈) ကြိမ်မြောက် ပန်းမန်ပြပွဲပြိုင်ပွဲကြီးကို လာမည့် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်ကြာ ရန်ကုန်မြို့ ကန်တော်ကြီးမြေပဒေသာသဘာဝဥယျာဉ်၊ မဟာမြိုင်ကျွန်း၊ ဆင်ဖြူတော်ရုပ်တုများအနီးတွင် ခင်းကျင်းပြသမည်ဖြစ်ရာ ပြပွဲပြိုင်ပွဲ လှုံ့ဆော်ရေးပိုစတာကြီးကို မြေပဒေသာကျွန်းတွင် စိုက်ထူထားပြီး မုခ်ဦးများကို စတင်ပြင်ဆင်နေပြီဖြစ်သည်။

အဆိုပါပြပွဲပြိုင်ပွဲတွင် မြေယာရှုခင်းပြိုင်ပွဲအပါအဝင် ပန်းမန်ပြိုင်ပွဲ သုံးမျိုးယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ပန်းမန်ပြိုင်ပွဲများတွင် ပြည်ပသစ်ခွသုံးမျိုး(ကတ်တလီယာ/ဗင်ဒါနှင့် ဒင်ဒရိုဗီယမ်)၊ ပြည်တွင်းသစ်ခွနှင့် အခြားသစ်ခွအုပ်စုပြိုင်ပွဲနှစ်မျိုး၊ နှင်းဆီပန်းအမျိုးမျိုး၊ အိမ်တွင်းအလှပင်၊ အိမ်ပြင်ရွက်လှပင်၊ အိမ်ပြင်အပွင့်အလှပင်၊ ရာသီပန်းများ၊ သက်ကြီးပုပင်(ဗွန်ဇိုင်း)နှင့် ပန်းအလှပြင်ဆင်ခြင်းပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းမှ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲပြိုင်ပွဲတွင် ယနေ့ခေတ်စားလာသည့် မြေယာရှုခင်းပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပပေးမည်ဖြစ်ပြီး ပြပွဲပြိုင်ပွဲငါးရက်အတွင်း မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**မြတ်စိုး(လှိုင်)**

# ပရီမီယာလိဂ် ပွဲစဉ်(၂၂) အာဆင်နယ်တို့ ဝက်စ်ဟမ်းကို ရှုံးနိမ့်ပြီး လီဗာပူးတို့ အဝေးကွင်းတွင် ဘရိုက်တန်ကို နိုင်ပွဲယူ

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်(၂၂) အစောဆုံးပွဲစဉ်ကို ဇန်နဝါရီ ၁၂ ရက်တွင် ဝက်စ်ဟမ်းနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲသည် ဒါဘီပြိုင်ပွဲနှင့်အတူ ပွဲစစချင်း ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ပွဲချိန် ၄၈ မိနစ်တွင် နာဆရီ ဖန်တီးမှုကို လူငယ်ကစားသမား ဒီကလန်ရစ်က ဝက်စ်ဟမ်း အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် ယနေ့ပွဲ အပါအဝင် Boxing Day ဖြတ်ကျော်ပြီးကာလ နောက်ဆုံးငါးပွဲတွင် သုံးပွဲ ရှုံးနိမ့်ခဲ့ပြီး နှစ်ပွဲသာ အနိုင်ရခဲ့ရာ နည်းပြ အမ်မရီအတွက် ဖိအားပေးစရာ ဖြစ်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်တစ်ပွဲဖြစ်သော ဘရိုက်တန်နှင့် လီဗာပူးပွဲတွင် အဝေးကွင်း၌ လီဗာပူးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း ပွဲချိန် မိနစ်၅၀တွင် ဆာလက်က ပယ်နယ်တီ သွင်းယူပေးခဲ့သည်။ အခြားပွဲစဉ်ရလဒ်များအဖြစ် ဘန်လေက ဖူလ်ဟမ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဝက်ဖို့ဒ်က ပဲလေ့စ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဆောက်သမ်တန်က လက်စတာကို နှစ်ဂိုး-တစ်ဂိုးနှင့် ကာဒစ်ဖ်နှင့် ဟက်ဒါဖီးလ်မှာ ဂိုးမရှိသရေကျခဲ့သည်။ တနင်္ဂနွေညတွင် ယှဉ်ပြိုင်မည့်ပွဲစဉ်များအဖြစ် အဲဗာတန်နှင့် ဘုန်းမောက်ပွဲကို ည ၈နာရီ ၄၅ မိနစ်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇယားထိပ်မှ လီဗာပူးနှင့် မန်စီးတီးတို့ကို ဖိအားပေးနေသည့် စပါးအသင်းနှင့် နည်းပြသစ်လက်ထက် ပရီမီယာလိဂ်လေးပွဲဆက် ရှုံးပွဲမရှိသေးဘဲ ဒီဇင်ဘာပွဲကျပ်ကာလကို ဖြတ်ကျော်လာသည့် မန်ယူအသင်းတို့ အားပြိုင်မှုကို ည ၁၁ နာရီတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

# မြိတ်မြို့တွင် ကျပ်သိန်းပေါင်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၀၀၀ နီးပါး ဖမ်းဆီးရမိ

**မြိတ် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျပ်သိန်းပေါင်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၀၀၀ ကျော် လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချသူများကို ဇန်နဝါရီ ၁၁ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးသတင်းအရ မြစ်ငယ်ရပ်ကွက် ပုလဲလမ်းနှင့် (၆)လမ်းဆုံ အငှားယာဉ်ဂိတ်တွင် ဒုရဲအုပ်ဇင်မိုးဦးနှင့်အဖွဲ့သည် မောင်ဦး (ခ)မတ်တာကီ (ဆေးရုံလမ်း၊ ကန်ခေါင်းရပ်ကွက်)ကို စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ဖြင့် ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းကိုစစ်မေးရာ သိန်းနိုင်မြင့် (ခ)အာယုခန်း (ဇင်ယော်မင်းလမ်းသွယ်၊ ရေပုန်းရပ်)ထံမှ ဝယ်ယူရရှိကြောင်းသိရသဖြင့် သိန်းနိုင်မြင့်ကို ဒုရဲအုပ်ကျော်ဆန်းဦးနှင့်အဖွဲ့က ဇင်ယော်မင်းလမ်းတွင် သွားရောက်စောင့်ဆိုင်း စစ်ဆေးရှာဖွေခဲ့ရာ ၎င်းကို စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ဖြင့် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများကို စိုးနိုင်(ခ)ဟာဗီး (ဖွားမင်းသိုက်လမ်း၊ ခရူတောရပ်ကွက်)နှင့်အတူ ရောင်းဝယ်ဖြန့်ဖြူးရာမှ ရရှိကြောင်း သိရှိရပြီး သိန်းနိုင်မြင့်က ၎င်းနေအိမ်တွင် မူးယစ်ဆေးဝါးများ ကျန်ရှိနေသေးကြောင်း၊ စိုးနိုင်သည်လည်း ၎င်း၏ နေအိမ်တွင်ရှိနေကြောင်း ထွက်ဆိုသဖြင့် သွားရောက်ရှာဖွေခဲ့ရာ စိုးနိုင်နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ပြားကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၉၂၈၀၀ ပြား စုစုပေါင်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၄၆၄၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိရောင်းချသုံးစွဲသူ မောင်ဦး၊ သိန်းနိုင်မြင့်နှင့် စိုးနိုင်တို့ကို မြိတ်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**




## မြန်မာ့ရုပ်မြင်သံကြား

၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၅ - "မန်လည်ကျောင်းတိုက်ကြီး အကြောင်းနဲ့ မန်လည်ဆရာတော်ဘုရားကြီးရဲ့ အံ့ချီးဖွယ်များ"
- ၇း၀၀ - Breakfast News
- ၉း၃၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၀ - This Week's Special Interest
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ချစ်တဲ့သူငယ်လေ" (မောင်ရှုပ၊ မေဝင်းမောင်) (ဒါရိုက်တာ- မောင်ဝဏ္ဏ)

**ညပိုင်း**

- ၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံ FC အသင်းနှင့် ရောဝတီ ယူနိုက်တက် FC အသင်း)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၅၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "အလှတို့ပေါင်းစုရာမြေ တောင်ပေါ်ဒေသနာဂမြေ"
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း(စတုတ္ထခေတ်) (မင်းသမီး-စန်းနီလာဝင်း၊ လူရွှင်တော်-ပေါ်ဦး၊ အောင်ချစ်၊ ပိုင်ကျော်၊ စိန်ပန်းသီး)

# မူဆယ်မြို့နယ်အတွင်း ၂၂ ဘီးယာဉ် အရှိန်လွန်ဘရိတ်ပေါက်ရာမှ ယာဉ်တိုက်မှုဖြစ်ပြီး လေးဦးသေ၊ သုံးဦးဒဏ်ရာရ

**မူဆယ် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်း ဇန်နဝါရီ ၁၁ ရက်က မြေဆီများ သယ်ဆောင်လာသည့် ၂၂ ဘီးယာဉ်မှာ အရှိန်လွန်ဘရိတ်ပေါက်ခဲ့ရာမှ ယာဉ်တိုက်မှုဖြစ်ကာ လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သေဆုံး**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက်တွင် မူဆယ်မြို့နယ်အတွင်း တာလုံကျေးရွာအနီး နမ့်ပေါ်တံတားကုန်းဆင်းတွင် ယာဉ်မောင်း ခင်စိုး(၅၅ နှစ်)ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)နေသူသည် ၂၂ ဘီးယာဉ်၏ ခေါင်းခန်းတွင် စိုင်းနောင်ထွန်းလွင်(၂၀ နှစ်) ပြင်ဦးလွင်မြို့နယ်နေသူနှင့် စိုင်းလွင်ကို(၁၇နှစ်) နောင်ချိုမြို့နယ် သံဘိုကျေးရွာအုပ်စု ရွာသစ်ကျေးရွာ နေထိုင်သူတို့ကို တင်ဆောင်ပြီး မူဆယ်ဘက်မှ လားရှိုးဘက်သို့ မောင်းနှင်လာစဉ် နမ့်ပေါ်တံတားကုန်းဆင်းအရောက်တွင် အရှိန်လွန် ဘရိတ်ပေါက်သဖြင့် ယာဉ်ပေါ်ပါ စိုင်းလွင်ကိုက ကားပေါ်မှ ခုန်ချခဲ့ရာ ကား၏ ယာဘက်ခြမ်းရှိ ဘီးဖြင့်ကြိတ်မိပြီး အခင်းဖြစ်နေရာ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

**ဒဏ်ရာများရရှိ**

အဆိုပါကားသည် ဆက်လက်၍ လားရှိုးဘက်မှ မူဆယ်ဘက်သို့ ဆိုင်ကယ်မောင်းသူ အောင်ထွန်းလင်း (၃၆ နှစ်) မူဆယ်မြို့နေသူ မောင်းနှင်ပြီး ဖိုးစိန် နေရပ်လိပ်စာ(စုံစမ်းဆဲ)လိုက်ပါလာသော ဆိုင်ကယ်ကို နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းသူ အောင်ထွန်းလင်းနှင့် ဖိုးစိန်တို့သည် အခင်းဖြစ်သည့်နေရာ၌ သေဆုံးသွားခဲ့သည်။ ယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ နမ့်ပေါ်တံတား ကုန်းအတက်တွင် ရပ်တန့်ပြုပြင်နေသည့် ၁၈ ဘီးယာဉ်နှင့် စက်ပြင်နေသည့် ယာဉ်မောင်း မိုးမိုး(၃၅ နှစ်)နှင့် အေးချမ်း(၂၃နှစ်) မြဝတီမြို့နေသူတို့ကို ဝင်ရောက်တိုက်မိခဲ့သောကြောင့် ၁၈ ဘီး ယာဉ်မောင်း မိုးမိုးသည် အခင်းဖြစ်သည့်နေရာတွင် သေဆုံးခဲ့ပြီး အေးချမ်းတွင် ဒဏ်ရာများ ရရှိခဲ့သည်။

**တိမ်းမှောက်ခဲ့**

ထို့နောက် အဆိုပါ ၂၂ ဘီးယာဉ်မှာ ယာဉ်နှစ်စီးတိုက်မိသည့် နေရာနှင့် ပေ ၁၀၀ ခန့်အကွာ လမ်း၏ဝဲဘက်ခြမ်း၌ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားနေရာသို့ မူဆယ်ယာဉ်ထိန်းတပ်ဖွဲ့နှင့် မိုင်းယု(၁၀၅)မိုင် ပါရမီလူမှုကူညီရေးအသင်းယာဉ်များ၊ မူဆယ်ကရုဏာလူမှုကူညီရေးအသင်းယာဉ်များ အချိန်မီ ရောက်ရှိလာပြီး သေဆုံးသူလေးဦးနှင့် ဒဏ်ရာရရှိသူများကို မူဆယ်ခရိုင် မူဆယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**




# ဆီဆိုင်၊ ဟိုပုံးနှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဆီဆိုင်မြို့နယ် ထမ့်ယန်းကျေးရွာ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၈ ဧကအား ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန် ဦးစီးပူးပေါင်းအဖွဲ့က လည်းကောင်း၊ ဟိုပုံးမြို့နယ် ဒုံကောင်းကျေးရွာ၌ အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧကကို လည်းကောင်း၊ မိုင်းပျဉ်းမြို့နယ် ကောင်းပျက်(၂)ရွာအနီး၌ အမြင့်နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၅ ဒသမ ၅ ဧကကို လည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဟိုပုံးမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၆ နာရီခွဲက ဟိုပုံးမြို့နယ် လွိုင်လင်-တောင်ကြီးကားလမ်း လွယ်ဝိုးတုတ်ကျေးရွာအနီး မိုင်တိုင်အမှတ်(၁၄၄/၃)တွင် စိုင်းစိန်ဟန် မောင်းနှင်ပြီး အိုက်စိုင်းဆာအောင် (ခ)စိုင်းဆာအောင် လိုက်ပါလာသည့် REVO အမျိုးအစား မော်တော်ယာဉ်ရောက်ရှိလာပြီး နောက်ကြောင်းပြန်လှည့် မောင်းနှင်သွားသဖြင့် ပိတ်ဆို့ဖမ်းဆီးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ အိုက်စ် လေးကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ထီးချိုင့်မြို့နယ်အတွင်းမှ မူးယစ်ဆေးဝါးများဖမ်းမိ

**ကသာ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကွင်းကြီးကျေးရွာအတွင်းမှ မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၂ ရက် နံနက် ၆ နာရီခန့်က ကသာခရိုင် ရဲတပ်ဖွဲ့မှ မှုခင်းနှိမ်နင်းရေးခေါင်းဆောင် ရဲအုပ် ကောင်းမြတ်ထွန်း ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် ကွင်းကြီးကျေးရွာနေ သာထူး(ခ)မြင့်ရွှေ ဆိုသူ၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်အတွင်းမှ ဘိန်းမည်း ၅ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄ ပြား ရှာဖွေဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ သာထူး(ခ)မြင့်ရွှေ ကွင်းကြီးကျေးရွာ ထီးချိုင့်မြို့နယ်နေသူကို ထီးချိုင့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မြဝတီမြို့တွင် အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မြဝတီ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်ချမ်းမွန် ဦးစီးအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က မြဝတီမြို့အမှတ်(၅)ရပ်ကွက် ချစ်ကြည်ရေးလမ်း ဖားခြောက်ကောင်ဘုန်းကြီးကျောင်းမုခ်ဝလမ်းမပေါ်တွင် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ သွားရောက်စုံစမ်းရှာဖွေခဲ့ရာ ကိုသက်(၃၃ နှစ်) ၉၉၉ ဂိတ်အဝင်လမ်း အမှတ်(၅)ရပ်ကွက် မြဝတီမြို့နေသူကို တွေ့ရှိ၍ရှာဖွေခဲ့ရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား၊ အလေးချိန် ၂ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၇၅၀၀၀ ခန့်နှင့် မြန်မာငွေရောရာ ၁၇၀၀၀ တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး မြဝတီမြို့မရဲစခန်းက ၎င်းကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ကျောက်စိမ်းဖြတ်စများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဇန်နဝါရီ ၁၁ ရက်တွင် ထူးခြားဖမ်းဆီးမှုအနေဖြင့် စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Crown ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဖြတ်စဆိုက်စုံ ၄၇၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၅၇ စီး၊ သွင်းကုန် ၆၂၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၂၁၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၄၂၈ သန်းကို ဖမ်းဆီးရမိခဲ့သည်။

**သတင်းစဉ်**

## မန္တလေးမြို့၌ ဆိုင်ကယ် ခိုးယူလာသူအား ဖမ်းဆီးရမိ

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ဇော်မိုးသန့်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၂ နာရီက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ချမ်းမြသာယာရပ်ကွက် ကျွဲဆည်ကန်တိုက်တန်း အဆောင် ၃၃ အခန်းအမှတ် ၄ သောက်ရေသန့်ဆိုင်ရှေ့၌ ဟွန်ဒါစကိုပီးအနက်ရောင်ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရသော ဝမ်းတွင်းမြို့နယ်ကံကြီးကျေးရွာနေ လင်းလင်း(ခ)လေးမောင်(ဘ) ဦးအောင်ဝင်းကို သက်သေများရှေ့၌ စစ်ဆေးမေးမြန်းရာ ဆိုင်ကယ်အား ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လမ်းဘေးတစ်နေရာမှခိုးယူလာကြောင်း ပေါ်ပေါက်သဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းတွင် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စံမောင်**

# ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့နှင့် စစ်အသုံးအဆောင်များ စတင်ရုပ်သိမ်း



ဆီးရီးယားနိုင်ငံ အယ်လ်အာရ်မီလန်ဒေသမှ ထွက်ခွာသွားသော သံချပ်ကာ ကားများကို တွေ့ရစဉ်။

**ဒမတ်စကတ် ဇန်နဝါရီ ၁၂**

ဆီးရီးယားနိုင်ငံအတွင်းရောက်ရှိနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းမှု စတင်နေပြီဖြစ်ကြောင်း သိရသည်။ ကနဦးအနေဖြင့် တပ်ဖွဲ့ဝင်များကို ချက်ချင်း ရုပ်သိမ်းခြင်းမျိုး မဟုတ်သေးဘဲ စစ်သုံးပစ္စည်းများကိုသာ စတင်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

အိုင်အက်စ်အကြမ်းဖက်အစွန်းရောက်စစ်သွေးကြွများကို တိုက်ခိုက်ရန် ဆီးရီးယားသို့ စေလွှတ်ထားသော အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀ ခန့် ရှိကြောင်းနှင့် ဇန်နဝါရီ ၁၀ ရက်မှစ၍ စစ်သုံးပစ္စည်းများကို စတင်ရုပ်သိမ်းနေခြင်းဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ကြေညာချက်တွင်လည်း ဖော်ပြခဲ့သည်။

ထို့အပြင် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများအတွက် စိုးရိမ်စရာမရှိကြောင်းနှင့် အချိန်ဇယားအတိအကျ၊ နေရာ သို့မဟုတ် တပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုနှင့် ပတ်သက်ပြီး ဖော်ပြပြောဆိုသွားမည် မဟုတ်ကြောင်း ပင်တဂွန်၏ ကြေညာချက်တွင် ထပ်မံဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အခြေစိုက်သည့် ဆီးရီးယားနိုင်ငံ အယ်လ်အာရ်မီလန်ဒေသမှ သံချပ်ကာကား ၁၀ စီးနှင့် တခြားစစ်လက်နက်ပစ္စည်းများ ထုတ်ယူသွားသည်ကို တွေ့မြင်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောခဲ့သည်။

အဆိုပါ သံချပ်ကာကားနှင့် တခြားစစ်လက်နက်ပစ္စည်းများသည် ဆီးရီးယားနှင့် ကပ်လျက်ရှိသည့် အီရတ်ဘက်သို့ ဦးတည်ထွက်ခွာသွားကြကြောင်း ၎င်းအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အင်ဒိုနီးရှားအနောက်ပိုင်း အနောက်ဂျာဗားပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်ရာ လူ ၁၆ ဦး ဒဏ်ရာရရှိပြီး နေအိမ်ရာချီပျက်စီး

**ဂျကာတာ ဇန်နဝါရီ ၁၂**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အနောက်ဂျာဗားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် စုစုပေါင်းလူ ၁၆ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ရာနှင့်ချီ ထိခိုက်ပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၂ ရက်ကပြောခဲ့သည်။

လေဆင်နှာမောင်းသည် ဘန်ဒန်ခရိုင် ဂျလယ်ဂွန်ရွာကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နေအိမ် ၃၇၁ လုံး ပျက်စီးဆုံးရှုံးခဲ့သလို ရွာသားများလည်း ဘေးလွတ်ရာသို့ အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရကြောင်းနှင့် ၎င်းတို့မှာ လတ်တလောတွင် ယာယီအမိုးအကာများအောက်တွင် နေထိုင်နေကြရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူးနူဂရိုဟိုက ပြောခဲ့သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုအကျိုးဆက် များပြားနိုင်ကြောင်း သိရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို ခန့်မှန်းတွက်ချက်နေကြောင်း သိရသည်။

နေအိမ်စွန့်ခွာလာသူရွာသားများအတွက် ယာယီတဲအိမ်များဆောက်လုပ်ပေးထားကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သော်လည်း နေရပ်စွန့်ခွာလာသည့် ရွာသားအရေအတွက်ကိုမူ ပြောကြားခြင်းမရှိကြောင်း သိရသည်။ အင်ဖိုရန်ဆက်ကပ်ဖေ့စ်ဘွတ်အကောင့်တွင် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို မျက်မြင်သက်သေများက ရိုက်ပြထားသည့် ရုပ်သံဖိုင်များကို လွှင့်တင်ပေးထားကြောင်း သိရသည်။ အဆိုပါ ဖေ့စ်ဘွတ်အကောင့်က လေဆင်နှာမောင်းတိုက်ခတ်ရာနေရာတွင် နေထိုင်နေကြသူများအား ဂရုစိုက်နေထိုင်ကြရန် ဆော်သြထားကြောင်း သိရသည်။

**ဆင်ဟွာ**



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာကမ်းခြေအနောက်ဘက်ရှိ **Thousand Islands** ကျွန်းများအနီး လေဆင်နှာမောင်းတိုက်ခတ်နေမှုကို ၂၀၁၇ ခုနှစ် အောက်တိုဘာလက ရိုက်ယူထားသည့် ပုံကိုတွေ့ရစဉ်။

# အမေရိကန်အစိုးရယန္တရား တစ်စိတ်တစ်ပိုင်းရပ်ဆိုင်းထားမှု အမေရိကန်သမိုင်းတွင် အကြာဆုံးအဖြစ် စံချိန်တင်

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အမေရိကန် အစိုးရယန္တရား တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းထားမှုသည် ယခုအခါ ၂၂ ရက်မြောက်နေ့သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး အမေရိကန်သမိုင်းတွင် သက်တမ်းအကြာဆုံး အစိုးရယန္တရား ရပ်ဆိုင်းမှုအဖြစ် စံချိန်သစ်တင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

၁၉၉၅-၁၉၉၆ ခုနှစ် ဘီလ်ကလင်တန် လက်ထက်ကလည်း အမေရိကန် အစိုးရယန္တရား တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းမှုအဖြစ် ၂၁ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

နယ်စပ်တံတိုင်း ကာရံရေးကိစ္စ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တို့အကြား





အလုပ်ပြန်ဝင်ချင်သူများက အလုပ်ပြန်ဝင်ပါရစေဆိုသည့်ဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး ဆန္ဒပြသလို အချို့ကလည်း အလုပ်မဆင်းရသောကြောင့် မည်မျှထိခိုက်သွားပြီဆိုသည့် စာရင်းဇယားပါဆိုင်းဘုတ်များကို ကိုင်ဆောင်ပြီး ဆန္ဒပြမှုများ ပြုလုပ်နေစဉ်။

မကျေမလည် ဖြစ်ခဲ့ရာမှ အစပြုသည့် အစိုးရယန္တရား တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းထားမှုကြောင့် အစိုးရ အလုပ်သမားပေါင်း ရှစ်သိန်းလုပ်ခလစာ မရရှိဘဲ အလုပ်လုပ်ကိုင်နေရကြောင်းလည်း သိရသည်။

အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကာရံရေး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တောင်းဆိုထားသည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ ရရှိရေးနှင့် ပတ်သက်ပြီး သမ္မတထရမ့်နှင့် ဒီမိုကရက်များအကြား သဘောထားကွဲလွဲနေဆဲရှိနေသေးကြောင်း သိရသည်။

နယ်စပ်တံတိုင်း ရန်ပုံငွေအတွက် လွှတ်တော်ခွင့်ပြုချက်မရဘဲ အရေးပေါ်အခြေအနေကြေညာမည်ဆိုသည့် ခြိမ်းခြောက်မှုများကိုလည်း အမေရိကန်သမ္မတထရမ့်က ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မိမိအနေဖြင့် ယင်းကိစ္စကို အလျင်အမြန်မလုပ်ချင်ကြောင်း အိမ်ဖြူတော် အစည်းအဝေးတွင် သမ္မတထရမ့်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ထိုင်းနိုင်ငံရောက်ဆော်ဒီအမျိုးသမီး ကနေဒါသို့ သွားရောက်ဖွယ်ရှိ

အော့တဝါ ဇန်နဝါရီ ၁၂

**အတင်းအကျပ် လက်ထပ်ထိမ်းမြားစေခိုင်းမှုကြောင့် ထိုင်းနိုင်ငံသို့ နေရပ်ရှောင်ထွက်ပြေးလာသော အသက် ၁၈ နှစ်အရွယ် ဆော်ဒီအမျိုးသမီးသည် ကနေဒါနိုင်ငံသို့ သွားရောက်နိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၂ ရက်တွင် ထုတ်ပြန်သော နိုင်ငံတကာသတင်းများအရ သိရသည်။**

ရာဟာ့ဖ်မိုဟာမက်အာလ်ကွင်နီသည် နေရပ်ရှောင်ထွက်ပြေးလာပြီး ထိုင်းနိုင်ငံသို့ ခြေဦးလှည့်လာခဲ့ကြောင်းနှင့် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်ရှိ တည်းခိုရိပ်သာတွင် ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ထောက်ခံမှုဖြင့် သက်ဆိုင်ရာ အကောက်ခွန်အရာရှိများနှင့် တွေ့ဆုံကာ ငါးရက်တာ နေထိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ၎င်း၏အမှုကို အသေးစိတ်ကြားနာပြီးနောက် ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ပြုခဲ့ကြောင်း သိရသည်။

ကွင်နီက အတင်းအကျပ် လက်ထပ်ထိမ်းမြားစေခိုင်းခံရမှုမှ ရှောင်ပြေးချင်ကြောင်းနှင့် မိမိအနေဖြင့် အကယ်၍သာ ဆော်ဒီအာရေဗျသို့ ပြန်သွားမည်ဆိုပါက တွေ့ကြုံလာနိုင်သည့် ဘဝအခြေအနေအပေါ် စိုးထိတ်မိကြောင်း ပြောခဲ့သည်။ ဇန်နဝါရီ ၁၁ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ထိုင်းအာဏာပိုင်များက ကွင်နီသည် ကနေဒါသို့ ထွက်ခွာမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ကနေဒါနှင့် ဩစတြေးလျ နှစ်နိုင်ငံစလုံးက သူ့ကို နိုင်ငံတွင်း ဝင်ခွင့်ပြုရေး၊ မပြုရေးနှင့် ပတ်သက်ပြီး စဉ်းစားဆုံးဖြတ်နေကြောင်း သိရသည်။ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက သတင်းထောက်များကို ပြောကြားရာတွင် မိမိနိုင်ငံအနေဖြင့် ကွင်နီကို လက်ခံဖို့အရေး ကုလသမဂ္ဂ၏ တောင်းဆိုမှုကို လိုက်လျောမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ထို့အပြင် ထရူးဒိုက ကနေဒါနိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးများတွင် အမြဲတမ်း မားမားမတ်မတ် ရပ်တည်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထိုင်းနိုင်ငံသို့ ကွင်နီရောက်ရှိပြီးနောက် ၎င်း၏ဖခင်က ၎င်းအား တွေ့ဆုံရန်ကြိုးပမ်းမှုကို ကွင်နီက ငြင်းဆိုထားကြောင်းလည်း သိရသည်။

ယခုကိစ္စသည် ဆော်ဒီအာရေဗျအား ကမ္ဘာ့အရေးတွင် သတင်းထောက်ခါရှောဂျီ ကိစ္စပြီးနောက် ဒုတိယအကြိမ် သက်ဝင်နိုးကြားလာစေသည့် ကိစ္စဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဗီယက်နမ် ခရီးသွားပွဲတော်ကို မတ် ၂၇ ရက်တွင် ကျင်းပမည်

**ဟနွိုင်း ဇန်နဝါရီ ၁၂**

၂၀၁၉ ခုနှစ် ဗီယက်နမ်နိုင်ငံတကာ ခရီးသွားပွဲတော်ကို လာမည့် မတ် ၂၇ ရက်မှစကာ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံနှင့် ဒေသပေါင်း ၂၅ ခုမှ ခရီးသွားကုမ္ပဏီများစွာ ပါဝင်ပြသမည်ဖြစ်ကြောင်း ဗီယက်နမ်ခရီးသွားလုပ်ငန်းအသင်းက မကြာသေးမီက ပြောလိုက်သည်။

ဗီယက်နမ်နိုင်ငံတကာ ခရီးသွားပွဲတော်တွင် အစိမ်းရောင်ခရီးသွားလုပ်ငန်းအား အဓိကထားကာ ပြခန်းပေါင်း ၅၀၀ ဖြင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မတ် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ယင်းခရီးသွားပွဲတော်တွင် ခရီးစဉ်ပေါင်း ၃၂၀၀၀ ကျော်နှင့် လေယာဉ်လက်မှတ်ပေါင်း အစောင် ၂၀၀၀၀ ရောင်းချနိုင်ရန် မျှော်လင့်ထားကြောင်း ဗီယက်နမ်ခရီးသွားလုပ်ငန်းအသင်းက ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်က ဗီယက်နမ်နိုင်ငံသို့ အကြမ်းဖျင်းအားဖြင့် နိုင်ငံတကာ ခရီးသွား ဧည့်သည်ဝင်ရောက်မှု ၁၅ ဒသမ ၅ သန်းရှိခဲ့သည်။ ယင်းပမာဏသည် ၂၀၁၇ ခုနှင့် ယှဉ်ကြည့်ပါက ၁၉ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်သို့ လာရောက်သည့် နိုင်ငံတကာ ခရီးသွားများအနက် တောင်ကိုရီးယားနိုင်ငံမှ ၄၄ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ကာ၊ ဖင်လန်နိုင်ငံ ၂၄ ဒသမ ၉ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံက ၂၃ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အမျိုးသား ခရီးသွားလုပ်ငန်း စီမံအုပ်ချုပ်ရေးဌာနအရ သိရသည်။

**ဆင်ဟွာ**

### ထိုင်းနိုင်ငံတောင်ပိုင်း စာသင်ကျောင်းတစ်ကျောင်းတွင် ပစ်ခတ်မှုဖြစ်ပွားရာ လေးဦးသေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၁၂**

ထိုင်းနိုင်ငံတောင်ပိုင်း ပတ်တာနီပြည်နယ်တွင် မကြာသေးမီက စာသင်ကျောင်းတစ်ကျောင်း တိုက်ခိုက်ခံရသောကြောင့် စေတနာ့ဝန်ထမ်း ကာကွယ်ရေးတပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောခဲ့သည်။ ရိန်းဂျားတပ်ဖွဲ့ဝင်များအဖြစ် ဟန်ဆောင်ထားသော စစ်သွေးကြွများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယခုလို သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးကျင်းပနေချိန်တွင် သေနတ်ပစ်ခတ်မှုများ ကြားခဲ့ပြီး ဆရာများ သို့မဟုတ် ကျောင်းသားများ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း မျက်မြင် သက်သေများ၏အဆိုအရ သိရသည်။ ပတ်တာနီပြည်နယ်တွင် ယခုဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုမှာ ပထမအကြိမ် မဟုတ်တော့ဘဲ ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ ပတ်တာနီ၊ ယာလာနှင့် နာရတ်သီဝက်စသည့် ပြည်နယ်များတွင် စစ်သွေးကြွအဖွဲ့အမျိုးမျိုးက သေနတ်ပစ်ခတ်မှုများနှင့် ဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ တိုက်ခိုက်မှုများကြောင့် ၂၀၀၄ ခုနှစ်မှစကာ သေဆုံးသူ ၇၀၀၀ ဦးခန့်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကင်ဂျုံအန်းရဲ့ တရုတ်ခရီးစဉ် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးမှာ အရေးပါသလား

**═══ ထွန်းသစ်စ ═══**

**မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ အမေရိကန်သမ္မတနဲ့ ထပ်မံတွေ့ဆုံခြင်းမပြုမီ သူ့ရဲ့နည်းဗျူဟာတွေနဲ့ပတ်သက်ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ တွေ့ဆုံဆွေးနွေးဖို့ မကြာသေးမီက ပေကျင်းကိုရောက်ရှိလာခဲ့တယ်လို့ ကြားသိရပါတယ်။ သူဟာ တရုတ်နိုင်ငံကို သွားမယ်ဆိုတာ ကြိုတင်ကြေညာခြင်းမရှိဘဲ သွားရောက်ခဲ့ပါတယ်။ ဒါဟာ အတော်အံ့သြစရာကောင်းတဲ့ ကိစ္စဖြစ်ပါတယ်။**



ပေကျင်းပြည်သူ့ခန်းမတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီးနောက် ကြိုဆိုနေသူများကို နှုတ်ဆက်နေစဉ်။

### မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ တရုတ်ခရီးစဉ်

အမေရိကန်နဲ့ မြောက်ကိုရီးယားနိုင်ငံတို့ဟာ ကာလရှည်ကြာနေတဲ့ နျူကလီးယား လက်နက်တွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ဘယ်လိုဖြေရှင်း ကိုင်တွယ်မလဲဆိုတာနဲ့ ပတ်သက်ပြီး အဖြေရှာနေတဲ့အချိန်မှာ မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ တရုတ်ခရီးစဉ်ထွက်ပေါ်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

မြောက်ကိုရီးယားနိုင်ငံ အနေနဲ့ ဘာကြောင့် အခုလို တရုတ်သမ္မတနဲ့ လာရောက်တွေ့ဆုံသလဲဆိုတဲ့အပေါ် အသေအချာစေ့ငုကြည့်မယ်ဆိုပါက တရုတ်နိုင်ငံဟာ နျူကလီးယားလက်နက် စမ်းသပ်မှုတွေပြုလုပ်နေပြီး ကမ္ဘာကြီးနဲ့ တစ်ဦးတည်းကွဲထွက်သလိုဖြစ်နေတဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ အဓိက မဟာမိတ်နိုင်ငံဖြစ်သလို ကုန်သွယ်ရေးဆိုင်ရာနဲ့ အကူအညီပေးရေးဆိုင်ရာတွေမှာလည်း အဓိကအားထားရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်ဆိုတာ လေ့လာသိရှိရပါတယ်။

ကင်ဂျုံအန်းဟာ တရုတ်နိုင်ငံကို သူ့ရဲ့ဇနီး ရီဆော်ဂျူနဲ့အတူ အဆင့်မြင့်အရာရှိကြီးတွေ လိုက်ပါလျက် မကြာသေးမီက ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ရဲ့ အခုခရီးစဉ်ဟာ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ ဖိတ်ကြားချက်ကြောင့်ဖြစ်တယ်လို့လည်း ဆိုပါတယ်။ ထို့အတူ မြောက်ကိုရီးယား ခေါင်းဆောင်ရဲ့ မွေးနေ့နဲ့လည်း တိုက်ဆိုင်နေတယ်လို့ သိရပါတယ်။

### အကျိုးရှိမယ့်ခရီးစဉ်

တရုတ်နိုင်ငံ ခရီးစဉ်မှာ ကင်ဂျုံအန်းဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်နဲ့ ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်တယ်လို့ တချို့လေ့လာသူတွေက သုံးသပ်ထားပါတယ်။ တရုတ်ခရီးစဉ်ဟာ ကင်ဂျုံအန်းအတွက်တော့ တစ်မျိုးတစ်မည် အကျိုးရှိကောင်းရှိစေမယ့်ခရီးစဉ် ဖြစ်ပါတယ်။

ထို့အတူ အမေရိကန်က မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုတွေလုပ်နေတဲ့အချိန် မြောက်ကိုရီးယားရဲ့ တရုတ်နိုင်ငံခရီးစဉ်ကို လေ့လာကြည့်မယ်ဆိုရင် နှစ်နိုင်ငံလုံးဟာ ယုံကြည်မှု တိုးပွားလာတဲ့သဘောကို တွေ့ရမှာပဲဖြစ်ပါတယ်။

### တင်းမာတဲ့အခြေအနေတွေ အဆုံးသတ်အောင် ကူညီမယ်

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လုခန်က မြောက်ကိုရီးယားခေါင်းဆောင်ကင်ရဲ့ အစီအစဉ် သို့မဟုတ် မြောက်ကိုရီးယားနဲ့ အမေရိကန်ပြည်ထောင်စုကြား တရုတ်ရဲ့အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး အသေးစိတ်ဖွင့်ဟပြောဆိုခြင်း မရှိပါဘူး။

သို့သော်လည်း သူက မြောက်ကိုရီးယားအပေါ် အမေရိကန်ရဲ့ တောင်းဆိုမှုဖြစ်တဲ့ မြောက်ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးနဲ့ ဒုံးကျည်စမ်းသပ်မှုများ နိဋ္ဌိတံရေးနဲ့ ပတ်သက်ပြီး တင်းမာတဲ့ အခြေအနေတွေကို အဆုံးသတ်နိုင်အောင် ကူညီသွားမယ်လို့တော့ ဆိုပါတယ်။

"ကျွန်တော်တို့ ဒါကို အမြဲယုံကြည်ပါတယ်။ ကိုရီးယားကျွန်းဆွယ်အရေးဟာ နှစ်ဖက်စလုံးအတွက် အဓိကကျပါတယ်။ နှစ်ဖက်စလုံးအနေနဲ့ ဆက်လက်ဆက်ဆံနေရဦးမှာဖြစ်ပြီး ကျွန်တော်တို့ကတော့ အပြုသဘောဆောင် ရလဒ်ကောင်းတွေ ထွက်ပေါ်လာဖို့ အမြဲကူညီသွားမှာပါ"လို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လုခန်က ပြောပါတယ်။

### ပိုမိုတိုးတက်လာ

မြောက်ကိုရီးယား ခေါင်းဆောင်ကင်ရဲ့လှုပ်ရှားဆောင်ရွက်မှုအခြေအနေတွေ၊ ဆွေးနွေးမှုရလဒ်တွေနဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ မြောက်ကိုရီးယား အလည်အပတ်ခရီးစဉ်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကိုလည်း မကြာမီ ထုတ်ပြန်သွားမယ်လို့ သူက ပြောပါတယ်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း စတင်တာဝန်ယူချိန် ၂၀၁၁ နောက်ပိုင်းမှာ နှစ်နိုင်ငံဆက်ဆံရေးဟာ အနည်းငယ် အေးစက်နေခဲ့ပေမယ့် တရုတ်သမ္မတ ရှီကျင့်ဖျင် ဒေသတွင်း လွှမ်းမိုးလာပြီး နောက်ပိုင်းမှာတော့ တရုတ်နဲ့ မြောက်ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးဟာ ပိုမိုတိုးတက်လာခဲ့ပါတယ်။

### နှစ်နိုင်ငံ နားလည်မှုရှိအောင် ကြိုးစားဆောင်ရွက်

မြောက်ကိုရီးယားနဲ့ အမေရိကန် ဆက်ဆံရေးကို ပြန်ကြည့်မယ်ဆိုရင် လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ် မြောက်ကိုရီးယား နျူကလီးယားလက်နက်တွေ တစ်နေ့မှာ အမေရိကန်ပြည်ထောင်စုကို ပစ်လွှတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြောက်ကိုရီးယားဟာ သူ့ရဲ့နျူကလီးယား စွမ်းအားပြင်းလက်နက်တွေကို မကြာခဏ စမ်းသပ်မှုပြုလုပ်တဲ့ အချိန်မှစကာ အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ဟာ တစောင်းစေးနဲ့ မျက်ချေးလို ဖြစ်ခဲ့ကြပါတယ်။ သူတို့နှစ်နိုင်ငံဟာ စစ်မက်ဖြစ်မယ့် အနေအထားတောင် ဖြစ်လာခဲ့ပြီး နောက်ပိုင်းမှ တဖြည်းဖြည်း နှစ်နိုင်ငံ နားလည်မှုရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ရတဲ့ အခြေအနေကိုတွေ့ရမှာ ဖြစ်ပါတယ်။

> **"အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ဟာ စင်ကာပူနိုင်ငံမှာ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး လမ်းကြောင်းပေါ် လျှောက်လှမ်း နိုင်ခဲ့ပါတယ်။ ဒါဟာ နှစ်နိုင်ငံသမိုင်းမှာ မကြုံစဖူး ထူးကဲတဲ့ အရေးပဲဖြစ်"**

မြောက်ကိုရီးယားရဲ့ နျူကလီးယားလက်နက်စမ်းသပ်မှုကို အစပြုကာ အမေရိကန်ဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေး ဂယက်ရိုက်စေမယ့် ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်ခဲ့တာလည်း အများအသိပဲဖြစ်ပါတယ်။ ဒီအရေးနဲ့ ပတ်သက်ပြီး မြောက်ကိုရီးယားဟာ ဆိုးလ်နဲ့ ဝါရှင်တန်တို့ကို သံခင်းတမန်ခင်းဆိုင်ရာ အခင်းအကျင်း ပြောင်းလဲလိုက်ပါတယ်။ ပြီးတော့လည်း မြောက်ကိုရီးယား ခေါင်းဆောင်တစ်ဦးအနေနဲ့ တရုတ်နိုင်ငံကို သုံးကြိမ်တိုင်တိုင် သွားရောက်ခဲ့ပါတယ်။

### ဒဏ်ခတ်ပိတ်ဆို့မှုတွေ လျှော့ပေးသင့်

နောက်ပိုင်းမှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ဟာ စင်ကာပူနိုင်ငံမှာ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ခဲ့ပါတယ်။ ဒါဟာ နှစ်နိုင်ငံသမိုင်းမှာ မကြုံစဖူး ထူးကဲတဲ့ အရေးပဲ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ နျူကလီးယားကင်းစင်ရေးနဲ့ ပတ်သက်ပြီး နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့တွေ ဆက်လက်ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့တာ ဒီကနေ့အထိပါပဲ။

အမေရိကန်ဟာ မြောက်ကိုရီးယားနိုင်ငံကို လုံးဝနျူကလီးယားကင်းစင်ဖို့ အရေးယူပိတ်ဆို့မှုတွေ လုပ်ခဲ့တာနဲ့ ပတ်သက်ပြီး မြောက်ကိုရီးယားဘက်က မိမိတို့နိုင်ငံအနေနဲ့ အတိုင်းအတာတစ်ခုအထိအကောင်အထည်ဖော်ဆောင်ရွက်ပြီးခဲ့ကြောင်း၊ ဒါကြောင့် အမေရိကန်က မြောက်ကိုရီးယားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ လျှော့ပေးသင့်ကြောင်း ပြောခဲ့ပါတယ်။

အကယ်၍ ဝါရှင်တန်အနေဖြင့် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့ အရေးယူမှုတွေ ဆက်လက်လုပ်ဆောင်နေဦးမယ်ဆိုပါက မြောက်ကိုရီးယားနိုင်ငံဟာ သူ့ရဲ့ နျူကလီးယားကင်းစင်ရေးဆိုင်ရာ ရည်ရွယ်ချက်လမ်းကြောင်းတွေ ပြောင်းလဲကောင်း ပြောင်းလဲနိုင်တယ်လို့ ကင်က သူ့ရဲ့နှစ်သစ်ကူး မိန့်ခွန်းမှာ သတိပေးပြောကြားခဲ့ပါတယ်။

### နျူကလီးယားကင်းစင်ဖို့ အရေးပါ

တရုတ်ကို မြောက်ကိုရီးယား ခေါင်းဆောင် သွားရောက်ခဲ့တာနဲ့ ပတ်သက်ပြီး တောင်ကိုရီးယား သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ကင်အိုင်ကျွမ်က မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ တရုတ်ခရီးစဉ်ဟာ အမေရိကန်သမ္မတ ထရမ့်နဲ့ ကင်တို့ရဲ့ ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးဖို့ အရေးပါကြောင်း ပြောခဲ့ပါတယ်။

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က သူနဲ့ကင်တို့ နောက်တစ်ကြိမ် ဆွေးနွေးဖို့အတွက် ဆန္ဒရှိတယ်လို့လည်းဆိုပါတယ်။ အဲဒီလို တွေ့ဆုံတာနဲ့ လုံးဝ နျူကလီးယားကင်းစင်ရေးနဲ့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်အောင် လုပ်ဆောင်မယ်လို့ ပြောပါတယ်။

အားလုံးကို ခြုံပြောရမယ်ဆိုရင် ကင်ဂျုံအန်းရဲ့ အခုတစ်ခေါက် တရုတ်ခရီးစဉ်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေးမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်လာမယ်လို့ ဆိုပါရစေ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်၊ ဝါရှင်တန်ပို့စ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် အမေရိကန်သံအမတ်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Alan Marciel တို့သည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈) ပြဋ္ဌာန်းဆောင်ရွက်နေမှုများ၊ ထိုသို့ဆောင်ရွက်ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ခွင့်ပြုချက်မရရှိမီ ဆောင်ရွက်ပြီးနေသည့် မြေများနှင့်ပတ်သက်၍ အမှန်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသူများအနေဖြင့် မြေကို တရားဝင်ပိုင်ဆိုင်ပြီး ဆက်လက်တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် ဌာနမှ ကူညီပံ့ပိုး ဆောင်ရွက်ပေးနေမှုများ၊ မြေယာစီမံခန့်ခွဲမှု အပါအဝင် လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာများနှင့် အကြံဉာဏ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ စိုက်ခင်းများတွင် ငမြောင်တောင်ပိုး ကျရောက်လျက်ရှိသော ကိစ္စရပ်နှင့် အသေးစား ချေးငွေဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။ **မောင်မင်းနိုင်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို ကချင်ပြည်နယ်လွှတ်တော်ရုံး Banquet ခန်းမ၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့ကြသည်။



ဆွေးနွေးပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့မြို့နယ်အတွင်း ဆောင်ရွက်ရမည့်တာဝန်များကို သိရှိထားပြီးဖြစ်ရာ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းလက်တွဲပြီး အားလုံးက တာဝန်ကျေပွန်စွာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်ရာတွင်လည်း အလုပ်အကြွေးမထားဘဲ သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ မြို့နယ်အလိုက် ပြည်သူများ၏ အကျိုးစီးပွားအတွက် စီမံကိန်းလုပ်ငန်းများကို ရှေ့ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းထားသော ရေးရာကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက ဒေသအလိုက် မြေယာဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ညှိနှိုင်းတိုင်ပင်ရန် ကိစ္စရပ်များ၊ ပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်း အတည်ပြုထားသည့် ဥပဒေများကို ပြည်သူများ ပို၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေး ကွင်းဆင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကော့သောင်းမြို့နေပြည်သူများအား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

**ကော့သောင်း ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၀ ရက်က ကော့သောင်းမြို့မဥ္ဇူသက ပြည်သူ့ခန်းမ၌ ဒေသခံပြည်သူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကျေး အုပ်ချုပ်ရေးအဖွဲ့များ၊ အသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံရေးပါတီဝင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ကော့သောင်းမြို့သည် နယ်စပ်ဒေသဖြစ်သည့်အတွက် လုံခြုံရေးသတိ အစဉ်ရှိရေး၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်နှင့် ဝတ္တရားများကို ပြတ်ပြတ်သားသား ကျေပွန်စွာ စေတနာထား၍ ဆောင်ရွက်ကြရေး၊ မူးယစ်ဆေးဝါးပြဿနာများ ဖော်ထုတ်နိုင်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပင်လယ်ကျွန်းခရီးစဉ်များသို့ လာရောက်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဒေသခံပြည်သူများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် မြေလွတ်မြေလပ်များကို ဥပဒေနှင့်အညီ အမြန်လျှောက်ထားကြရေး၊ မီးဘေးအန္တရာယ် အစဉ်သတိရှိရေး၊ မြို့ရေဖြန့်ဝေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အားထည့်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းရန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒေသအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတွင် ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မြို့ခံပြည်သူများ အတူတကွ ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ရန် စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်တို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တင်ပြကြသည်။

ပြည်သူများတင်ပြသည့် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး လိုအပ်ချက်များ၊ မြေယာကိစ္စများ၊ လျှပ်စစ်အားဖြန့်ဝေရေးကိစ္စနှင့် သောက်သုံးရေဖြန့်ဝေမှုကိစ္စများ၊ လမ်းတံတားကိစ္စများနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ည စာဖတ်ဝိုင်းများနှင့် ညအိပ် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ရာတွင် လျှပ်စစ်မီးရရှိရေးအတွက် စက်သုံးဆီဝယ်ယူရန် တိုင်းဒေသကြီးအစိုးရမှ လှူဒါန်းငွေ ကော့သောင်းမြို့နယ်အတွက် ကျပ် ၁၇ သိန်းကျော်နှင့် ဘုတ်ပြင်းမြို့နယ်အတွက် ကျပ် ၁၉ သိန်းကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **ကျော်စိုး(ကော့သောင်း)**

# သနပ်ပင်မြို့နယ်တွင် စာသင်ကျောင်းအတွက် မြေလှူဒါန်း

**သနပ်ပင် ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ခရမ်းညောင်ပင်ကျေးရွာ စာသင်ကျောင်းအတွက် လိုအပ်လျက်ရှိသော မြေလှူဒါန်းပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

မြေလှူဒါန်းပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ယခုလို မြေအလှူရှင်နှင့် အဆောက်အအုံအလှူရှင်များက တစ်ဦးချင်း သို့မဟုတ် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအလိုက် နိုင်ငံတော်၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီကာ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင် စွမ်းဆောင်ပေးနေသည့်အတွက် အလှူရှင်များအတွက် ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် မြေအလှူရှင် ဦးမြင့်ဆွေ(ဂရုဏာရှင်လူမှုကူညီရေးအသင်း-နာယက)(ဇေယျာမင်္ဂလာဆန်စက်)က မြေလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် သနပ်ပင်မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်လဲ့လဲ့ဝင်းထံသို့ မြေနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်လှူဒါန်းကာ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ သနပ်ပင်မြို့နယ် ခရမ်းညောင်ပင်ကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ အနေဖြင့် လုံလောက်ပြည့်စုံသည့်နေရာတွင် ပညာသင်ကြားနိုင်ရန် ရည်ရွယ်၍ အလှူရှင်က မြေ ၀ ဒသမ ၁၂၄ ဧကကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တင်အောင်ဆန်း**

# ကယားပြည်နယ် လယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး အစည်းအဝေးပြုလုပ်

**လွိုင်ကော် ဇန်နဝါရီ ၁၂**

ကယားပြည်နယ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က လွိုင်ကော်မြို့၌ ပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လုပ်ငန်းအဖွဲ့အနေဖြင့် တောင်သူလယ်သမားများ ရာသီအလိုက်သီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ လက်ဝယ်ပိုင်ဆိုင်ခွင့်ရရှိရေး စသည့် အခွင့်အရေးများနှင့် သီးနှံများအထွက်တိုးရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးခြင်း၊ စိုက်ပျိုးနည်းစနစ် မှန်ကန်အောင် ပညာပေးခြင်း၊ လက်တွေ့စိုက်ပျိုးပြသခြင်း စသည့် အကျိုးစီးပွားမြှင့်တင်ရေးကိုလည်း ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ထုတ်ကုန်အရည်အသွေးများ ကောင်းမွန်ရေးအတွက် တောင်သူများကိုယ်တိုင် အဓိက စွမ်းဆောင်သွားရမည်ဖြစ်ကာ လိုအပ်သည့် ပေါင်းစပ်မှု၊ ပံ့ပိုးကူညီမှုများကို ဌာနများက ဝန်းရံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ရရှိရေး၊ လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျ ဝယ်ယူနိုင်ရေး၊ စိုက်ပျိုးရေ ရရှိရေး၊ တောင်သူပိုင် ယာမြေအတွင်း တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ မွေးမြူရေးထွက်ကုန်များ ဈေးကောင်းရရှိရေး၊ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအပေါ် ထောက်ပံ့ကူညီပေးနေမှု အခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မွေးမြူရေးဇုန်များ ထူထောင်ပေးနိုင်ရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ တိုးတက်ရရှိရေး၊ သီးနှံအခြောက်ခံစက်များ ပံ့ပိုးပေးရေး စသည့် လုပ်ငန်းဆောင်ရွက်ချက်နှင့် လိုအပ်ချက်များကို တင်ပြခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက စနစ်တကျ စီစဉ်ဆောင်ရွက်၍ ပြန်လည်တင်ပြကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ကယားပြည်နယ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့တွင် ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က အဖွဲ့ဝင်များအဖြစ် ပါဝင်ကြပြီး သက်ဆိုင်ရာဌာန ၁၀ ခုမှ တာဝန်ရှိသူများနှင့် ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးကဏ္ဍကိုယ်စားလှယ်၊ မွေးမြူရေးကဏ္ဍကိုယ်စားလှယ်များပါဝင်၍ ဖွဲ့စည်းထားကြောင်း သိရသည်။ **ထွန်းလေး**



# အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျီခါးမြို့၌ ကျင်းပ

**ကျီခါး ဇန်နဝါရီ ၁၂**

ကျီခါးမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ချင်းပြည်နယ် ကျီခါးမြို့၌ ကျင်းပနေသော နယ်မြေခံဝန်ကြီးဖိတ်ခေါ်ဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျီခါးဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ ဗိုလ်လုပွဲစဉ်တွင် ကျီခါး(က)အသင်းနှင့် ဘိဟန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ကျီခါး(က)အသင်းက ဘိဟန်အသင်းကို ၂ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ နယ်မြေခံ လူမှုရေး ဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က အမှာစကားပြောကြားပြီးနောက် ပထမဆုရရှိသည့် ကျီခါး(က)အသင်းကို လူမှုရေးဝန်ကြီးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဘိဟန်အသင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်ကလည်းကောင်း၊ တတိယဆုရရှိသော ဟိုင်ကျင်းအသင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကျိန်ငိုက်မန်ကလည်းကောင်း ဆုများချီးမြှင့်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# မန်းရွှေစက်တော်ဘုရားပွဲလာယာဉ်များ ရပ်နားခပေးရန် မလိုတော့

**မင်းဘူး ဇန်နဝါရီ ၁၂**
ယခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှစတင်ကာ ရက်ပေါင်း ၇၀ ခန့် ကျင်းပသွားမည့် မန်းရွှေစက်တော်ဘုရားပွဲ၌ မော်တော်ယာဉ်များအပေါ် ယာဉ်ရပ်နားခကောက်ခံသည့်စနစ်ကို ဖျက်သိမ်းသွားမည်ဖြစ်သဖြင့် ပွဲတော်လာယာဉ်များအနေဖြင့် ယာဉ်ရပ်နားခ ပေးဆောင်ရတော့မည်မဟုတ်ကြောင်း ရွှေစက်တော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယာဉ်ရပ်နားခကောက်ခံသည့် စနစ်ကို ယခုနှစ်တွင် စ၍ ဖျက်သိမ်းခြင်းဖြစ်ကြောင်း သိရသည်။ "မနှစ်က ကားကြီးကွင်းလေလံ ရရှိသူတွေက ယာဉ်အပ်နှံကြေးရအောင် ဘုရားပွဲတော်ဝင်ပေါက်မှာ ဂိတ်တွေထားပြီး ငွေကောက်ခံမှုတွေရှိခဲ့လို့ ဘုရားဖူးပြည်သူတွေ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ကြတာကြောင့် ဒီနှစ်မှာ ကားကြီးကွင်းနှစ်ကွင်းအတွက် လေလံမခေါ်တော့ဘူး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ရအောင် တစ်လမ်းမောင်းစနစ်နဲ့ ဆောင်ရွက်သွားဖို့ လျာထားပါတယ်"ဟု မကွေးတိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမင်းဦးက မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။



ဘုရားပွဲတော် ကျင်းပရေးအတွက် အနီးကပ်ကြီးကြပ်ရန် လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူးနှင့် အတွင်းရေးမှူးအဖြစ် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က အသီးသီးတာဝန်ယူကာ ဌာနဆိုင်ရာများပါဝင်သော လုပ်ငန်းဆိုင်ရာကော်မတီနှင့် ဆပ်ကော်မတီ ကိုးခုဖြင့် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကားရပ်နားခွင့်လေလံ မပါတော့သည့်အတွက် ယာဉ်ရပ်နားခလည်း ကောက်ခံတော့မည် မဟုတ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

"ယာဉ်ကြောမပိတ်ဖို့တော့ တစ်လမ်းမောင်းစနစ် လုပ်မယ်၊ အောက်စက်တော်ရာနားကနေ အထူးတံတားအထိ ယာဉ်တွေကိုတော့ လာရာလမ်းအတိုင်း ပြန်သွားခွင့်ပေးမယ်၊ အထူးတံတား ကျော်ပြီးတော့ အထက်ဘက် နမ္မဒါအပိုင်းကျတော့ ဒီဘက်ကို ပြန်မလာတော့ဘဲ ဘုရားပွဲတော် နောက်ကျောလမ်းကနေ ပတ်လမ်း ဖောက်ပေးထားတယ်၊ အဲဒီဘက်ကနေ ထွက်ရမယ်၊ ယာဉ်အပ်နှံခမကောက်တော့ဘဲ ထိန်းသိမ်းပေးဖို့အတွက် စီမံပေးသွားမယ်၊ တည်းခိုဆောင်တွေရှေ့မှာလည်း ယာဉ်နှစ်စီးကနေ သုံးစီးအထိပဲ ခွင့်ပြုတော့မယ်"ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောကြားသည်။

တည်းခိုခန်းခဈေးနှုန်းများ မြင့်တက်ခြင်း၊ ဘုရားပွဲတော်ဝင်ပေါက်တွင် ဂိတ်ထားရှိ၍ ယာဉ်အပ်နှံခကောက်ခံခြင်းတို့ကြောင့် ဘုရားဖူးပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသည့် ဖြစ်စဉ်များ ယခင်နှစ်က ရှိခဲ့ကြောင်း၊ ရွှေကြိုဟု ခေါ်သည့် ဧည့်ကြိုများကြောင့် တည်းခိုခန်းခဈေးနှုန်းကြီးမြင့်မှု မဖြစ်စေရန်အတွက် ဧည့်ကြိုထားသည့်စနစ်ကိုလည်း ပျောက်သွားအောင် လုပ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ | ကျပ် | ၉၁၀/၉၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၁၀ | ကျပ် | ၇၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ | ကျပ် | ၈၃၅/၈၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၆၁ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၂ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၅၂ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၂ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၅ · ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၇၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၆ · ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၃ · ၃၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ · ၉၁၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# နေပြည်တော်ရှိ ပြောင်းစိုက်ခင်းများတွင် ငမြှောင်တောင်ပိုးကျမှုကို အချိန်မီကာကွယ်နိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၂**
ပြီးခဲ့သည့် ဒီဇင်ဘာ ဒုတိယပတ်အတွင်းမှစ၍ အခြားဒေသများမှ ကူးလာသော ဖောငမြှောင်တောင်ပိုးများသည် နေပြည်တော်ရှိ အစေ့ထုတ်ပြောင်းစိုက်ခင်းများသို့ ကျရောက်ခဲ့သော်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဝန်ထမ်းများက အချိန်မီသိရှိ၍ ပိုးလက္ခဏာများခွဲခြားခြင်းနှင့် ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ပေးခဲ့သဖြင့် ယခုအခါ အချိန်မီကာကွယ်နှိမ်နင်းနိုင်ခဲ့ကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကစပြီး ပြောင်းခင်းတွေမှာ ဖောငမြှောင်တောင်ပိုးတွေ ကျရောက်နေတယ်လို့ သတင်းကြားတာနဲ့ နေပြည်တော်တစ်ခွင်လုံးကို သွားရောက်ကြည့်ရှုခဲ့ပါတယ်၊ အဲဒီမှာ ငမြှောင်တောင်ကာကွယ်နည်းတွေဖြစ်တဲ့ ပိုးသတ်ဆေးဖျန်းပေးခြင်း၊ လက်နဲ့ကောက်ခြင်းနဲ့ မီးထောင်ချောက်ထွန်းပြီး နှိမ်နင်းခြင်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်၊ ဖောငမြှောင်တောင်ပိုးကျတဲ့ အဓိကအကြောင်းကတော့ သီးထပ်စိုက်လို့ ဖြစ်ပေါ်တယ်လို့ သုံးသပ်မိပါတယ်၊ ဈေးကောင်းတဲ့သီးနှံတစ်မျိုးတည်းကို တောင်သူတွေ စဉ်ဆက်မပြတ်စိုက်ပျိုးတဲ့ အကျိုးဆက်ပဲလို့ ပြောရမယ်၊ ဒါကြောင့် တောင်သူတွေကို သီးလပ်စိုက်ပျိုးခြင်းနည်းတွေ သုံးဖို့ကိုလည်း ပညာပေး ဆွေးနွေးခဲ့ပါတယ်၊ ပိုးကျကျချင်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အခုဆို အချိန်မီ ကာကွယ်နိုင်ခဲ့ပါတယ်၊ ငမြှောင်တောင်ပိုးကျရောက်တဲ့အတွက် သီးနှံပျက်စီးဆုံးရှုံးမှုလည်း မရှိခဲ့ပါဘူး"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစောဝင်းက ပြောသည်။



ရှားချောင်းကျေးရွာမှ တောင်သူများအား ပိုးနှိမ်နင်းနည်း လက်တွေ့ရှင်းလင်းပြသစဉ်

ငမြှောင်တောင်ပိုးကျရောက်ခဲ့သည့် စိုက်ခင်းဧကမှာ ၅၀ နီးပါး ရှိခဲ့ကြောင်း၊ တောင်သူများအနေဖြင့် ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းရာတွင် ထိသေစားသေ အာနိသင် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခြင်း၊ လက်ဖြင့်ကောက်ယူ ရှင်းလင်းခြင်း၊ မီးထောင်ချောက် ထွန်းညှိပေးခြင်းနှင့် သီးလပ်စိုက်ပျိုးခြင်းတို့ ပြုလုပ်ပေးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။

ငမြှောင်တောင်ပိုးကျရောက်နေမှုနှင့်ပတ်သက်၍ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဆောင်၍ တိုင်းပိုးမွှားတာဝန်ခံနှင့် စိုက်ပျိုးရေးပညာပေးအဖွဲ့တို့သည် ဇန်နဝါရီ ၁၁ ရက် နံနက်က ရှားချောင်းကျေးရွာရှိ အစေ့ထုတ်ပြောင်း စိုက်ကွက်များ၌ တောင်သူများအား လက်တွေ့ရှင်းလင်းပြသကာ ပိုးသတ်ဆေးများလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နေပြည်တော်တွင် ဆောင်းသီးနှံ မတ်ပဲအစားထိုးသီးနှံအဖြစ် အစေ့ထုတ်ပြောင်းသီးနှံကို ပြောင်းလဲစိုက်ပျိုးလာကြရာ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးလာကြကြောင်း၊ အစေ့ထုတ်ပြောင်းစိုက်ပျိုးရာတွင် CP မျိုးများနှင့် ရေဆင်းမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# ဒုတိယအကြိမ် မသန်စွမ်းသူများအားကစားပွဲ ထားဝယ်မြို့၌ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၁၂**
ဒုတိယအကြိမ် မသန်စွမ်းသူများအားကစားပွဲ(Right to Play)ကို တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒေင် မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံတို့ ပူးပေါင်းစီစဉ်မှုဖြင့် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

အားကစားပွဲ ဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရွှေက အမှာစကားပြောကြားသည်။ အားကစားပွဲ ပြုလုပ်ပေးခြင်းမှာ သူနိုင်၊ ကိုယ်နိုင်ကစားရန် ရည်ရွယ်ပြုလုပ်ပေးခြင်းမဟုတ်ဘဲ မသန်စွမ်းကလေးနှင့် သန်စွမ်းသောကလေးများ ပူးပေါင်းကစားခြင်းဖြင့် ရင်းနှီးမှုတိုးစေရန်၊ အတူယှဉ်တွဲကစားခြင်းဖြင့် အချင်းချင်း ပို၍နားလည်လာကာ ရိုင်းပင်းလာရန်၊ လူတိုင်းအကျုံးဝင်သော လူမှုအသိုင်းအဝန်းတစ်ရပ် တည်ဆောက်နိုင်ရန်၊ မသန်စွမ်းသူများအား မည်ကဲ့သို့ ပြောဆိုဆက်သွယ်ရမည်များကို လူတိုင်း နားလည်သိရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ယခုလို အားကစားပွဲအစီအစဉ်များ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒေင် မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံမှ နော်ဟဲကလေးကလည်း မသန်စွမ်းကလေးများအားကစားပွဲ ပြုလုပ်ခြင်း ရည်ရွယ်ချက်နှင့် ပြုလုပ်မည့်ပုံစံများကို အသေးစိတ် ရှင်းလင်းပြောကြားပြီးနောက် အားကစားပွဲကိုကျင်းပရာ မသန်စွမ်းကလေးနှင့် သန်စွမ်းသောကလေးများက ဘောလုံးလက်ဆင့်ကမ်း ကစားခြင်း၊ ထိုင်လျက် ဘော်လီဘောကစားခြင်းတို့ အပါအဝင် ကစားနည်းများစွာကို ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားကြသည်။ ဆက်လက်၍ ဒေင် မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံအဖွဲ့မှ တာဝန်ရှိသူများက ကစားနည်းများကို လက်တွေ့ဘဝနှင့်ပြန်လည်ချိတ်ဆက်ခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မသန်စွမ်းကလေးများအား လက်ဆောင်များ ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

မြန်မာ့အလင်း


| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm


HTOO






ကာတွန်း အောင်ဇေယျ
ငါလည်း ဒေါသဖြစ်ဖြစ်နဲ့ ခြေထောက်တွေပေါ် လှချည်လားဆိုတော့... သူက ပျာပျာသလဲနဲ့...
၃ ချောင်းတဲ့ ကျောက်ကြီးရေ
စိတ်ညစ်တယ် အမှန်က ဘယ်နှချောင်းလဲ၊
ဟာဟာ... တုံးကြီး ဥာဏ်ရှိတယ်၊ အမှန်တကယ် ဆိုရင် မျိုးငှက်ခြေ ချောင်းက... ၇ ချောင်းပဲ
ဟာ...
အေ... ဟုတ်လား၊
သူတို့နော်...။
ကာတွန်းဆရာ- ၂၀၁၉


ဗိုက်ဆာပြီ မေမေ... ဒီနေ့ ဘာဟင်းလဲဟို...
အသားလုံးချိုချဉ် ဟင်း...သားရေ...
ကြိုက်တယ် မေမေ...ကြိုက်တယ်
ထမင်းစားလို့ ရပါပြီရှင်...
ဟင်...
ဘာဖြစ်လို့လဲ သားရဲ့။ သားပဲကြိုက် တယ်ဆို...
သားက အသားလုံးပဲကြိုက်တာ မေမေရဲ့။ ပန်းဂေါ်ဖီတို့၊ ခရမ်းချဉ်သီးတို့၊ မုန်လာဥနီတို့ကို မကြိုက်ဘူး...


ပေါက်စန်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ၂၀၁၉ခုနှစ် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)
## အမှတ်စဉ် (၆/၁၉)သင်တန်းသားများ ခေါ်ယူခြင်း

၁။ ၂၀၁၉ခုနှစ်အတွက် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)၊ အမှတ်စဉ်(၆/၁၉) သင်တန်းကို ပညာရေးကောလိပ်များတွင် ၂၀၁၉ခုနှစ် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု [မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ကုန်ထုတ်ဓာတုဗေဒ၊ Microbiology၊ Biotechnology၊ Biochemistry၊ Environmental Studies၊ Geology၊ B.A (မြန်မာမှု)၊ B.A (ရသ)၊ B.A (ဂီတ)၊ B.A (သဘင်)၊ B.A (ပန်းချီ)၊ B.A (ပန်းပု)၊ B.Sc (Sports)၊ B.Econ (Stats)၊ BCom] ရရှိပြီးသူဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၁၉ခုနှစ် မတ် ၃၁ရက်တွင် အသက် (၃၀)ထက် မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် အသက် (၃၅)နှစ်ထက် မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၁၉ခုနှစ် လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ်(၆/၁၉)သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ ပညာရေးဆိုင်ရာဗဟုသုတရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာပညာရေးကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရမည့်ရက်အား သက်ဆိုင်ရာ ပညာရေးကောလိပ်များတွင် ကြေညာမည်။

(င) ကျန်းမာရေးကောင်းမွန်၍ ဆရာ့တာဝန်ထမ်းဆောင်နိုင်ပြီး မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်ရပါ။

၃။ သင်တန်းဝင်ခွင့်သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။

၄။ လျှောက်လွှာကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်ထက်နောက်မကျဘဲ လျှောက်လွှာတင်မည့်ပညာရေးကောလိပ်တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်တစ်ခုကို ကိုယ်စားပြု၍ လျှောက်ထားရမည်။ နေပြည်တော်ကောင်စီနယ်မြေအတွက် တောင်ငူပညာရေးကောလိပ်တွင် လျှောက်ထားနိုင်သည်။ ပညာရေးဝန်ကြီးဌာန(သို့မဟုတ်)ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ။

၅။ လျှောက်လွှာနှင့်အတူ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ထားသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အထောက်အထား(မိတ္တူ)၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့်(၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂) ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက် ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးကောလိပ်အသီးသီးတွင် တက်ရောက်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာ ပညာရေးကောလိပ်များတွင် ၂၀၁၉ ခုနှစ် မတ်လအတွင်း ထုတ်ပြန်မည်ဖြစ်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြောင်းနှင့် ဘွဲ့ရရှိမှုအထောက်အထား(မူရင်း) တင်ပြနိုင်ရမည်။

၉။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သင်တန်းပြီးစီးအောင် တက်ရောက်ရမည်။ မူလတန်းဆရာအတတ်ပညာလက်မှတ်ရရှိပြီးနောက် မူလတန်းပြအဖြစ် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးရမည်။

၁၀။ သင်တန်းပြီးစီးအောင် တက်ရောက်နိုင်ခြင်းမရှိပါက သတ်မှတ်လျော်ကြေး သုံးသိန်းနှင့်အတူ လစဉ်ထောက်ပံ့ကြေးကို ပြန်လည်ပေးလျော်ရမည်။

**ဒေါက်တာသိန်းဝင်း**
**ညွှန်ကြားရေးမှူးချုပ်**

**ရက်စွဲ။ ၂၀၁၉ခုနှစ် ဇန်နဝါရီလ ရက်**

### ၂၀၁၉ခုနှစ်
### လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)
### အမှတ်စဉ် (၆/၁၉) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း |
|---|---|---|---|
| လျှောက်ထားသူ | | | |
| ဖခင် | | | |
| မိခင် | | | |

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်..............ခုနှစ်၊........လ၊ ................ ရက်၊ အသက်( )နှစ်၊ ( )လ

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်စာစစ်ဌာနနှင့် ခုနှစ် ..........
..................................................................

၄။ မူလဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ..........................
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့်ခုနှစ်..............................
..................................................................

၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည်......................
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ...................... .........

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်.....................
..................................................................
ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်...................
..................................................................

၇။ သင်တန်းပြီးဆုံး၍ မူလတန်းပြအဖြစ် ခန့်ထားပါက ဒေသမရွေး (၃)နှစ် သွားရောက် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါမည်။

......................
**လျှောက်ထားသူလက်မှတ်**

**ရက်စွဲ၊ ၂၀၁၉ခုနှစ် ဇန်နဝါရီလ ( )ရက်**

## ရှမ်းပြည်နယ်လွှတ်တော်ရုံး
## တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ရုံးတွင် တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော Server, Data Center, Electronic Document System (EDMS) နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁၄-၁-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**ရောင်းချမည့်နေရာ** - ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တောင်ကြီးမြို့
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၂-၂၀၁၉ရက် ညနေ၄:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါကရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တောင်ကြီးမြို့သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၈၁-၂၀၂၂၂၈ သို့ဖြစ်စေ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) | ၂၅၀၀ (Retender) | ၂၉-၁-၂၀၁၉ | ၁၄:၀၀ | ၂၉-၁-၂၀၁၉ | ၁၂:၀၀ |
| | ၂၅၀၀ | ၁၃-၂-၂၀၁၉ | ၁၄:၀၀ | ၁၃-၂-၂၀၁၉ | ၁၂:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်) | ၂၀၀၀ | ၁၃-၂-၂၀၁၉ | ၁၄:၀၀ | ၁၃-၂-၂၀၁၉ | ၁၂:၀၀ |
| | ၂၀၀၀ | ၁၉-၂-၂၀၁၉ | ၁၄:၀၀ | ၁၉-၂-၂၀၁၉ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm)တွင် တင်ဒါဖွင့်မည့်ရက်ထက် (၁) လကြိုတင်၍ လည်းကောင်း၊ Retender အတွက် (၂)ပတ်ကြိုတင်၍လည်းကောင်း ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဘွဲ့နှင်းသဘင်အခမ်းအနားဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရန်
## အိတ်ဖွင့်တင်ဒါကြော်ငြာစာ

၁။ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၏ (၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂-၃-၂၀၁၉ရက် (စနေနေ့) နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁-၃-၂၀၁၉ ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမအတွင်း(အပြင်မပါ) ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးအတွက် ဓာတ်ပုံရိုက်ကူးလိုသူများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပိတ်ရက်နှင့်ဖွင့်ရက်**
တင်ဒါပိတ်ရက် ၈-၂-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂:၀၀နာရီ
တင်ဒါဖွင့်ရက် ၈-၂-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁:၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၁-၂၅၁၁၃၁၊ ၀၁-၃၇၀၉၃၈တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ငြိမ်းဖောင်ဒေးရှင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ငြိမ်းဖောင်ဒေးရှင်းပညာရေးစီမံကိန်းမှ ၂၀၁၈-၂၀၁၉ စီမံကိန်းကာလအတွင်း ကျောင်းသူ ကျောင်းသားဦးရေ (၁၁၁၉၇) ဦးခန့်အတွက် စာရေးကိရိယာများ၊ လေ့ကျင့်ခန်းစာအုပ်များနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၄ရက်မှစတင်၍ ငြိမ်းဖောင်ဒေးရှင်းရုံး စီမံရေးရာနှင့်ရုံးများဆိုင်ရာဌာနခွဲတွင် ဝယ်ယူနိုင်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ရက်၊ ညနေ ၄နာရီတွင် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါများအား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (တနင်္လာနေ့)တွင် ငြိမ်းဖောင်ဒေးရှင်းရုံး၌ တင်ဒါရွေးချယ်ရေးကော်မတီမှ တစ်ပြိုင်တည်းဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသောအချက်များကို ငြိမ်းဖောင်ဒေးရှင်းရုံး၊ စီမံရေးရာနှင့်ရုံးများဆိုင်ရာဌာနခွဲတွင် ရုံးချိန် နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း ဖုန်း-၀၁-၅၁၀၄၈၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**ငြိမ်းဖောင်ဒေးရှင်း**
**အမှတ် (8-C), ရွှေပိတောက်ကွန်ဒို၊ 99(A), မြေနုလမ်း၊ စမ်းချောင်းမြို့နယ်။**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ရေပေါ်ကျွန်းကျေးရွာ အလက အဋ္ဌမတန်းမှ မောင်ဇော်သက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဆောင် ၈/သရန(နိုင်)၀၈၅၁၄၈ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးခြင်း

ကျွန်တော် ဟန်ထူး(ဘ)ဦးအောင်တင့် ၉/တကန(နိုင်)၁၄၉၇၀၇ ၏နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဟန်ထူး**
ဖုန်း-၀၉-၄၂၀၇၃၇၄၄၁

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၉ရက် အမိန့်ကြေညာစာအမှတ် (၁/၂၀၁၉)ဖြင့် ကလေးမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတမဟာသန္တာရုံပရိယတ္တိစာသင်တိုက် **ဆရာတော်ဘဒ္ဒန္တပုညသေဋ္ဌအား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**ဘွဲ့တံဆိပ်တော်နှင့်မိုးကုတ်မြို့၊ မြို့မရပ်နေ သုဓမ္မသီဂီ ဒေါ်ကာလာဝတီ(ခ)ဒေါ်စန်းစန်း၏ခင်ပွန်း **ဦးနန္ဒာ** (မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီအဖွဲ့ဥက္ကဋ္ဌ၊ နန္ဒာအောင် မိုးကုတ်ဂျမ်စ်ကုမ္ပဏီ)အား **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**ဘွဲ့တံဆိပ်တော်တို့ကို ထိုက်တန်စွာ ဆက်ကပ်ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ဆက်လက်၍ သက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် နိုင်ငံတော်နှင့်ဘာသာသာသနာအကျိုးကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း အထူးဂုဏ်ယူဝမ်းမြောက်စွာ ဆုတောင်းအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးဗိုလ်ကလေး(ဝိဇ္ဇာဓရ တိုင်းရင်းဆေး ဝေဒပညာရှင်၊ သာသနာနုဂ္ဂဟအသင်းဗဟိုအဖွဲ့ဝင်)-ဇနီး ဒေါ်မာလှမိသားစု ကလေးမြို့၊ မော်လိုက်မြို့**

### ဥက္ကံမြို့မအသင်း(ရန်ကုန်)
### (၃၂)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး
### နိုင်ငံတော်မှချီးမြှင့်သည့်ဘွဲ့ထူး၊ ဂုဏ်ထူးရပုဂ္ဂိုလ်များအား ဂုဏ်ပြုခြင်း
### သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားဖိတ်ကြားလွှာ

ဥက္ကံမြို့မအသင်း(ရန်ကုန်)၏ (၃၂)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၇ရက် နံနက် ၁၀:၀၀ နာရီတွင် တော်ဝင်နှင်းဆီစားသောက်ဆိုင်၊ အမှတ် (၂၂၁/၂၂၃)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၌ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဘွဲ့ထူး၊ ဂုဏ်ထူးရပုဂ္ဂိုလ်များ၊ အသက်(၈၀)ပြည့်ပြီးသောအသင်းဝင်များနှင့် ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၃)ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်များ၏သားသမီးများသည်(အမှတ်စာရင်းမိတ္တူနှင့်အတူ) ၂၀-၁-၂၀၁၉ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်နှင့် အသင်းဝင်များ၊ အသင်းဝင်လိုသူများအားလုံးကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

**ဆက်သွယ်ရန်ဖုန်း-**

| | | | |
|---|---|---|---|
| ဦးစိန်ထွန်းအောင် | ဖုန်း-၀၉-၄၂၀၀၇၀၆၈၅ | ဦးအောင်ဆန်း | ဖုန်း-၀၁-၅၂၄၂၃၈ |
| ဒေါ်ရင်ရင်အေး | ဖုန်း-၀၁-၅၃၄၇၄၃ | ဒေါ်ဝင်းကြည် | ဖုန်း-၀၉-၄၃၁၀၈၆၄၈ |
| ဦးအောင်မြင့် | ဖုန်း-၀၁-၅၃၇၄၃၇ | ဒေါ်သင်းသင်းအေး(ဒေါ်သီဂီ) | ဖုန်း-၀၉-၅၁၅၈၂၈၀ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ် (၃/၂၄၊ နန္ဒဝန်)၊ ဦးပိုင်အမှတ် (၁၉လမ်း-၁၉)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိမြေကို ဦးသိန်းဝင်း ၅/မရန(နိုင်)၀၄၀၆၆၉ အမည်ဖြင့်မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ သတ္တဗေဒအထူးပြုတတိယနှစ်ဂုဏ်ထူးတန်းမှ မမိုးသူဇာ၏ဖခင် ဦးမော်၊ ဦးကျော်ရင်နှင့် ဦးမော်ရင် ၅/ကဘလ(နိုင်)၀၁၀၁၈၄ အမည်သုံးခုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမော်(ခ)ဦးကျော်ရင်(ခ)ဦးမော်ရင်**

### တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ သတ္တဗေဒအထူးပြုတတိယနှစ် ဂုဏ်ထူးတန်းအောင်မှ မမျိုးသဥ္ဇာကျော်၏ဖခင် ဦးကျော်လွင်နှင့် ဦးကျော်လွင်ဦး ၅/ရဘန(နိုင်)၁၃၇၆၄၆ သည်တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဦးကျော်လွင်(ခ)ဦးကျော်လွင်ဦး**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ တော်ပုံကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS-66)၊ ထမ္မလောက်ကြေးတိုင်ပြင်ကွင်းရှိ မြေလွတ်မြေရိုင်းမြေ၊ မြေဧရိယာ ၆ဒသမ၀၀ဧကနှင့် ၃ဒသမ၆၆ဧကအသီးသီးရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစောသိန်းဇော်မင်း ၃/ဘအန(နိုင်)၁၈၄၀၉၈ မှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသည့်အတွက်အပြီးအပိုင်ဝယ်ယူရန်ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါကယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ (LL.B)** | **ဒေါ်လှလှခိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** | **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)** |

**အမှတ်(၉/၁၁)၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်ုပ်၏မိတ်ဆွေ ဦးဥက္ကာကြည်ဝင်း (၁၂/တမန (နိုင်)၁၀၀၅၄၂) က ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၄၁၈၉/၂၀၁၈)၊ (၁၄၁၉၀/၂၀၁၈)၊ (၁၄၁၉၁/၂၀၁၈) ဖြင့် (၁၉-၁၂-၂၀၁၈) နေ့တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်ကို အသုံးပြု၍ **KRITTIKA Home Decoration & Renovation** ကုမ္ပဏီအမည်ဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ပြင်ဆင်ခြင်းလုပ်ငန်း၊ အိမ်အလှဆင်လုပ်ငန်းများကိုလည်းကောင်း၊ မြရတနာ အမည်ဖြင့် ပရိဘောဂ လုပ်ငန်းများကို လည်းကောင်း၊ **"cozy" mattress** တံဆိပ်အမည်ဖြင့် မွေ့ယာအမျိုးမျိုး၊ ခေါင်းအုံးအမျိုးမျိုး၊ အိပ်ယာခင်းအမျိုးမျိုး၊ ခန်းဝင်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

(၁၄၁၈၉/၂၀၁၈) (၁၄၁၉၀/၂၀၁၈) (၁၄၁၉၁/၂၀၁၈)

အထက်ပါကုန်အမှတ်တံဆိပ် အမည်နှင့် ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက် သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း ပုံတူပုံမှား ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ မြန်မာအင်္ဂလိပ် အဓိပ္ပါယ်တူ ဆင်တူယိုးမှား တုပသုံးစွဲခြင်းမပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ဖြင့် **သုခမ္မမဏိဇောတဓရ ဦးကျော်ဌေး၊** မန်နေဂျင်းဒါရိုက်တာ (ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ) အား **သီဟသုခမ္မမဏိဇောတဓရဘွဲ့**ကို ချီးမြှင့်အပ်နှံခြင်းခံရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုး၊ ဘာသာ သာသနာ့အကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒေါ်အိတာ**

**ဆုထူးပန်သတ္တုတူးဖော်ရေးကုမ္ပဏီ**

## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၂) အဌမတန်း (A)မှ မောင်အံ့ဘုန်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဝင်း ၅/ရဥန(နိုင်)၀၆၀၅၅၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ချောင်းဦးမြို့နယ်၊ ဝယာရွာနေ မောင်မျိုးမင်းအောင် ၅/ခဥတ(နိုင်) ၁၁၀၄၀၅၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၂၀၀၁၅၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ လုံးကင်းရွှေကျောင်းအုပ်စု၊ မြင်သာကျေးရွာနေ ဦးလှပြေး(ခ) ဦးလှပြည့်(ခ)ဦးလပြည့် ၅/ဗမန(နိုင်) ၀၁၃၅၀၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ အထက နဝမတန်းမှ မဌေးကြည် ၅/ဗမန(နိုင်)၀၈၆၁၄၄၏ မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်အရ ၁၁-၁၂-၂၀၀၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ မြနန္ဒာရပ်ကွက်နေ ဦးသိန်းမြင့်နှင့် ဦးမောင်မြင့် ၅/ဝသန(နိုင်)၀၁၇၀၄၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တန့်ဆည်မြို့နယ်၊ စည်းသာကျေးရွာနေ ဦးဝင်းကို၏သမီး မရွှေဇင်ဝင်းနှင့် မရွှေစင်ဝင်း ၅/တဆန(နိုင်)၁၂၇၂၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂/ရွှေချီ၊ ဦးပိုင်အမှတ်(၁၄၀)၊ ဧရိယာ ၀ ဒသမ၁၂၈ဧကရှိ ဒေါ်သီသီအေး၊ ဦးမောင်ထွန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် ဒေါ်သီသီအေး (ဘ)ဦးဝင်းမောင် ၉/ပမန(နိုင်)၀၂၇၉၃၄၊ ဦးမောင်ထွန်း (ဘ) ဦးချစ်တင် ၉/ပမန(နိုင်)၁၅၀၃၈၆ တို့မှ ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလဲသတ်မှတ်ပေးခြင်းအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြ၍ မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### စစ်တွေခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၂

ဦးစံသာကျော် နှင့် (၁) ဦးကျော်သိန်းမောင်
(၂) ဦးခင်မောင်ဝင်း
(၃) ဦးရွှေမောင်
(၄) ဦးမောင်သိန်းလင်း
(၅) ဦးတင်ထွန်း
(၆) ဦးငမဲ
(၇) နူရ်ဟာရှိန်း

**တရားလို** **တရားပြိုင်များ**

စစ်တွေမြို့နယ်၊ မှန်စီကျေးရွာ၊ သားရေစက်ရုံအနီးနေ (ယခုနေရပ်လိပ်စာမသိသူ) အမှတ်(၇) တရားပြိုင် နူရ်ဟာရှိန်း သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစံသာကျော်က သင်အပါအဝင် တရားပြိုင်(၇)ဦးအပေါ် တရားလိုအမည်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသည့် မြေရိုင်းပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံနှင့် ခြံစည်းရိုးများကိုဖယ်ရှားပြီး လက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**စစ်တွေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်-စ/၂၆၊ မြေကွက်တည်နေရာအမှတ်-စ/၂၆၊ ၄ဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ဦးစိန်ဝင်း YKI-၀၄၃၀၃၄ အမည်ပေါက် ၂၅နှစ်မြေငှားဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးစိန်ဝင်းမှာ ၁၈-၁၀-၂၀၀၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီး ဒေါ်အိုက်မေ(ခ)ဒေါ်စန်းစန်းမြင့် ၁၂/လသန(နိုင်) ၀၀၃၃၁၂မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ ၂၅နှစ်ဂရန်၊ မြေခွန်ပြေစာတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးလှထွန်း ၉/ပမန(နိုင်) ၂၄၁၀၇၇ (ဘ)ဦးလှမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၄၃၆)ကို ဦးမျိုးသူရအောင် ၁၂/ကမတ(နိုင်)၀၆၃၈၅၃ (ဘ)ဦးအောင်အောင်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်အဆက်ဆက်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### မိတ္ထီလာမြို့နယ်တရားရုံး
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၉၂

မသွယ်သွယ်ပိုက် နှင့် မောင်မျိုးကျော်သက်
အရောင်းအဝယ် မြကန်သာစားသောက်ဆိုင်
(၁၄)နယ်မြေ၊ အောင်ဇေယျာရပ်၊ မြို့မ(၄)ရပ်၊ မိတ္ထီလာမြို့
မိတ္ထီလာမြို့

**တရားလို** **တရားပြိုင်**

အထက်ပုံစံပါအမှုရှိ တရားပြိုင်မောင်မျိုးကျော်သက်၊ မြကန်သာစားသောက်ဆိုင်၊ မြို့မ(၄)ရပ်၊ မိတ္ထီလာမြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၆ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မိတ္ထီလာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ထော်သိုကျေးရွာ၊ ကွင်းအမည် (၁၂၀-က ထော်သို)၊ ကွင်းအမည် (ထော်သိုကွင်း)၊ ဦးပိုင်လုပ်ကွက်အမှတ်(၁/၁၆)၊ လယ်မြေဧရိယာစုစုပေါင်း ၂ ဒသမ ၆၄ဧကရှိ လယ်မြေနှင့် ယင်းမြေလယ်မြေကို မိမိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုသူ ဦးသန်းမင်းဦး ၁၂/ဒလန(နိုင်)၀၂၉၁၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်း ၁၂/လသန(နိုင်)၀၁၅၂၈၀က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများအား တင်ပြ၍ ကျွန်ုပ်ထံသို့ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇင်မာဝေ (LL.B)** **ဒေါ်ဇင်မာဦး (LL.B,DIL,DIPL)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၉၁၄)** **အထက်တန်းရှေ့နေ(စဉ်-၄၄၈၀၇)**
**အမှတ်(၄၉၂)၊ မင်းရဲကျော်စွာ (၂ လမ်း ခ)**
**(၇) ရပ်ကွက်၊ ၅ လွှာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၄၂၂၈၃**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဘဂဝါယီဒေဝီ ၁/ဝမန(နိုင်)၀၂၉၃၀၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၃၇၈၈၂၅၇**

## အမည်မှန်

မိုးညှင်းမြို့၊ ဟဲလုံအုပ်စု၊ ဖောခိကုန်းကျေးရွာနေ ဦးကျော်ခင်(ခ) ဦးကျော်ငြိမ်း၏သမီး မညီမ်းအိစံ၏ အမည်မှန်မှာ မငြိမ်းအိစံ ဖြစ်ပါကြောင်း။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်နေ ဦးတင်ဌေး ၁/မကတ(နိုင်)၁၀၀၉၉၁၏ သား မောင်ကျော်လင်းဦး ၁/မကတ(နိုင်)၀၇၅၈၃၀သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဌေး**

## တောင်းပန်ပါသည်

၂-၁-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)တွင်ပါသော ဧရာဝတီတိုင်းဒေသကြီး၊ ဖက်တန်းလမ်းနေ သမီးဖြစ်သူ မအိမ့်မို့မို့ ၁၄/ပသန(နိုင်)၂၉၂၂၇၈နှင့် သက်ဆိုင်သော စာရေးသားမှု စာပိုဒ်ကို ကျွန်မ မှားယွင်းစွာထည့်မိပါသဖြင့် မိဘဖြစ်သော ဦးအောင်နိုင်-ဒေါ်မြမြမော်တို့အား မေတ္တာရပ်ခံတောင်းပန်ပါသည်။

**ဒေါ်မြင့်မြင့်ရီ**
**၁၄/ပသန(နိုင်)၁၄၃၅၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ ပေ(၁၀၁×၁၀၀)၊ မြေကွက်အမှတ် (ဒ-၂၄၈၇)၊ ဒေါ်လှသူဇာ(ဘ)ဦးစံငြိမ်း ၁၂/တမန(နိုင်) ၀၀၁၉၇၁ အမည်ပေါက် ပါမစ်မြေအား ဒေါ်လှသူဇာ၏အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ်(၂၅၉၅/၂၀၁၁) ရရှိထားသူ ဦးရှောက်ကျင် (ဘ)ဦးရှီကြူဟွာ ၁၃/လရန(နိုင်) ၀၈၇၄၀၈မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးရှောက်ကျင်အား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၃၃၀)၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးကျော်ကျော်ဝင်း(ဘ)ဦးအောင်သန်း ၉/ဝတန(နိုင်)၀၀၇၁၀၈ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ယမင်းငြိမ်း(ဘ)ဦးစိုးသန်း ၁/ဗမန(နိုင်)၀၄၁၉၃၀က မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၅၀၅)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဒေါ်မေအေးသွယ်(ဘ)ဦးကျော်အေး ၁၂/ကမရ(နိုင်)၀၂၇၆၆၀ အမည်ပေါက်ပါမစ်မြေကွက်အား ဦးလှစိုးမင်း(ဘ)ဦးကျော်မြင့် ၈/အလန(နိုင်)၁၃၄၂၅၄ က မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ပေါင်းလောင်း-၂)၊ ဦးစန်းယုအမည်ပေါက် မြေကွက်အမှတ်(၁၈၀၈)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ပေ(၄၀×၆၀) မြေကွက်အား ဒေါ်ရွှေစင်ဦး(ဘ) ဦးဝင်းကြည် ၉/ပမန(နိုင်)၂၂၀၈၀၆မှ ပျဉ်းမနားမြို့မြေ တိုးချဲ့ရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဒက္ခိဏသီရိရပ်)၊ ပေ(၁၂၀×၁၂၀)၊မြေကွက်အမှတ်(ဒ-၁၀၈၅၊ ၁၀၈၇၊ ၁၀၈၈၊ ၁၀၈၉၊ ၁၀၉၀၊ ၁၀၉၂) ဦးစိုင်းဖီးလစ်ရီ(ခ)ဦးနေဝင်းကျော်(ဘ)ဦးစိုင်းထွန်းရီ ၅/စကန(နိုင်)၀၀၉၆၄၃ အမည်ပေါက် ပါမစ်မြေ၏ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါ မြေကွက်နေရာ(ယာယီ) ချထားပေးသည့်လက်မှတ်မူရင်းကိုပယ်ဖျက်ပြီး မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# Times City

Crown Advanced Construction Co.,Ltd
မှတာဝန်ယူတည်ဆောက်ပေးသော

## Times City ၏

- Hilton Yangon Hotel
  လက်မှတ်ရေးထိုးပွဲ အခမ်းအနား
- Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ဆိုင်ခန်းများအား
  ငှားရမ်းမိတ်ဆက်ပွဲ အခမ်းအနား
- အကြီးမားဆုံးကုန်စည်ပြပွဲ ခင်းကျင်းပြသခြင်း

တို့အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်
ဖြစ်ပါသောကြောင့် အများပြည်သူလာရောက်ကြည့်ရှု
လေ့လာနိုင်ပါကြောင်း ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

* ကျင်းပမည့်နေ့ရက်နှင့်အချိန် *

- ၁၂.၁.၂၀၁၉ (စနေနေ့)
  နံနက်(၁၁:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအထိ
- ၁၃.၁.၂၀၁၉ (တနင်္ဂနွေနေ့)
  နံနက်(၉:၀၀)နာရီမှ ညနေ (၅:၀၀)နာရီအထိ

* ကျင်းပမည့်နေရာ *

-Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊
ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။



# ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများ လေရှီးမြို့၌ ကျင်းပပေးလျက်ရှိ



**လေရှီး ဇန်နဝါရီ ၁၂**

၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ အမှုထမ်းရပ်ကွက်ရှိ နာဂရိုးရာယဉ်ကျေးမှုကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား) **(ယာပုံ)**၊ လွန်ဆွဲ (အမျိုးသား/အမျိုးသမီး)၊ မာရသွန်(အမျိုးသား)၊ ခေါင်းအုံးရိုက်(အမျိုးသား)၊ သံလုံးပစ်(အမျိုးသား/အမျိုးသမီး)၊ ရိုးရာထင်းခုတ်(အမျိုးသား)၊ ရိုးရာနပန်းသတ်ပွဲ (အမျိုးသား)နှင့် ချောတိုင်တက်(အမျိုးသား) စသည့်အားကစားနည်း ကိုးမျိုးကို ဒေသခံများအပြင် ပွဲတော်လာပရိသတ်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲပြီး ပြိုင်ပွဲများအလိုက် ထူးချွန်ဆုရသူများကို တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အားကစားပြိုင်ပွဲများကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဆွေထံမှ သိရသည်။

ထို့အပြင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ပန်းပဲပြခန်း၊ မြေအိုးပြခန်း၊ လက်ရက်ကန်းပြခန်း၊ လက်မှုပြခန်း၊ တိုင်းရင်းဆေးပြခန်း၊ ဗေဒင်ပြခန်း၊ နာဂရိုးရာဗဟိုပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာန ပညာပေးပြခန်း၊ ပညာရေးပြခန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပြခန်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြခန်းများကိုပါ ခင်းကျင်းပြသထားပြီး ရိုးရာယဉ်ကျေးမှုမီးပုံပွဲများ၊ မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကများဖြင့် စည်ကားသိုက်မြိုက်စွာ

စာမျက်နှာ ၇ ကော်လံ ၁ ❍

# လက်ရှိချန်ပီယံ ရန်ကုန်အသင်း အဖွင့်ပွဲတွင် အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) ပထမနေ့ကို ယနေ့ညနေပိုင်းက YUSC ကွင်းနှင့် မုံရွာကွင်း၌ စတင်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်အသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၂၀၁၈ ရှုံးထွက်ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့သည့်နှစ်သင်း ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး ရန်ကုန်အသင်းက ပထမပိုင်းမှာပင် သုံးဂိုးရခဲ့၍ အနိုင်သုံးမှတ်ကို အလွယ်တကူ ရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ယခုပွဲတွင် အမှားများခဲ့ပြီး ခြေစွမ်းပြနိုင်ခြင်းမရှိ၍ အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်အသင်း၏ ပွဲထွက်လူစာရင်းတွင် ဒဏ်ရာနှင့် ပွဲပယ်ခံထားရသည့် ကျော်ဇင်ထက်၊ မင်းကျော်ခန့်နှင့် ယာမာဇာကီတို့ ပါဝင်နိုင်ခြင်းမရှိဘဲ ဆယ်လာ၊ မီလာ၊ ကြည်လင်း၊ မောင်မောင်လွင်၊ ရန်အောင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ဟံသာဝတီအသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံထုတ်ခဲ့သော်လည်း ပထမပိုင်းတွင် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသည်။ ရန်ကုန်အသင်းသည် ချာရတီဖလားပြိုင်ပွဲမှ အရှုံးကို ပြန်လည်ကုစားနိုင်ရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၁ မိနစ်တွင် တိုက်စစ်မှူး ဆယ်လာက အဖွင့်ဂိုး သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသည့် ဟံသာဝတီအသင်းသည် ခံစစ်ပိုင်းအမှားများ ဆက်တိုက် ကျူးလွန်ခဲ့ပြီး ရန်ကုန်အသင်းတိုက်စစ်က အသုံးချကာ ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို ၂၁ မိနစ်တွင် ကြည်လင်း၊ ၃၁ မိနစ်တွင် ဆယ်လာတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုး ပြန်ရရန် ကြိုးပမ်းသော်လည်း ရန်ကုန်အသင်းနောက်တန်း ထိန်းချုပ်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✤

**နာဂရိုးရာနှစ်သစ်ကူးပွဲတော် ရန်ကုန်မြို့၌ ကျင်းပ**

စာမျက်နှာ » ၇

**မူဆယ်မြို့နယ်အတွင်း ၂၂ ဘီးယာဉ် အရှိန်လွန် ဘရိတ်ပေါက်ရာမှ ယာဉ်တိုက်မှုဖြစ်ပြီး လေးဦးသေ၊ သုံးဦးဒဏ်ရာရ**

စာမျက်နှာ » ၁၃





GRAND HANTHA INTERNATIONAL HOSPITAL

GREEN. GRAND CARE FOR THE PEOPLE

စင်ကာပူနိုင်ငံမှ
ထိခိုက်ဒဏ်ရာနှင့် အရိုး အကြော အဆစ်
ကျောရိုး ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Mohd Mashfiqul Arafin Siddiqui (Dr. Mash)
MBBS (Singapore), MRCS (Edinburgh), MMED (Ortho), FRCS (Edinburgh), FAMS (Orthopaedic Surgery), Spine Specialist
(၁၈.၁.၂၀၁၉)နှင့် (၁၉.၁.၂၀၁၉) နေ့များတွင် နံနက် (၉း၃၀)နာရီမှစ၍

စင်ကာပူနိုင်ငံမှ
အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ
အထွေထွေနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Tan Kai Chah (Dr. K C Tan)
D.P.M.P., MBBS (MAL), FRCS (EDIN), FAMS Surgeon
(၂၆.၁.၂၀၁၉) ရက်နေ့ နံနက် (၉း၃၀)နာရီမှစ၍

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 231 7617, 01 523 000, 01 523 111